care

CRS

MercyCorps

Oxfam

Save the Children

World Vision

# အရေးပေါ်အခြေအနေအတွင်း တာဝန်ယူမှုနှင့် ထိရောက်မှု တိုင်းတာခြင်း

# The Good Enough Guide

# Inside the Guide


အမှာ- တာဝန် (accountability) နှင့် ထိရောက်မှု (impact)

တိုင်းတာခြင်း အခြေခံများ ၁

အဓိပ္ပာယ်ဖွင့်ဆိုချက်များ ၃

The Good Enough Guide ကို ဘာကြောင့် ဘယ်လိုသုံးမလဲ။ ၅

အပိုင်း(၁) အဆင့်တိုင်းတွင် လူထုပါဝင်ပါစေ ၉

အပိုင်း(၂) အရေးပေါ်အန္တရာယ်ဒဏ်ခံရသော လူထု၏ သတင်းအချက်အလက်အကျဉ်း (profile) ခေါ်ထုတ်ခြင်း ၁၃

အပိုင်း(၃) လူထုလိုလားသောအပြောင်းအလဲများ ခွဲခြားသတ်မှတ်ပါ။ ၁၇

အပိုင်း(၄) အပြောင်းအလဲကို အခြေခံတုန့်ပြန်ဆွေးနွေးမှု နှစ်လမ်းသွားဖြစ်စဉ် ဖြစ်အောင်လုပ်ဆောင် ၂၁

အပိုင်း(၅) စီမံချက်ထိရောက်မှုတိုးတက်စေရန် တုန့်ပြန်မှုကိုအသုံးပြုပါ။ ၂၅

အပိုင်း(၆) နည်းလမ်းများ ၂၈

- နည်းလမ်း(၁) သင်၏အေဂျင်စီကို မည်သို့စတင် မိတ်ဆက်မည်နည်း။ ၃၀
- နည်းလမ်း(၂) သင့်တွင် တာဝန်မည်မျှရှိသနည်း။ လူထုဆိုင်ရာ သတင်းအချက်အလက်များစစ်ဆေးခြင်း ၃၂
- နည်းလမ်း(၃) စီမံချက်တစ်လျှောက်လုံး လူထုကို မည်သို့ပါဝင်စေမည်နည်း။ ၃၄
- နည်းလမ်း(၄) ဘေးအန္တရာယ်ကျရောက်သော ရပ်ရွာဒေသကို သတင်းအချက်အလက်ပြုစုရေးဆွဲပြီး ကနဦး လိုအပ်ချက်များ အကဲဖြတ်မည်နည်း။ ၃၆
- နည်းလမ်း(၅) တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှု လုပ်မလုပ် မည်သို့ပြုလုပ်မည်နည်း။ ၃၈
- နည်းလမ်း(၆) Focus group တစ်ခု မည်သို့ဆောင်ရွက်မည်နည်း။ ၄၀
- နည်းလမ်း(၇) စစ်တမ်းကောက်ယူမှု လုပ်မလုပ် မည်သို့ဆုံးဖြတ်မည်နည်း။ ၄၂
- နည်းလမ်း(၈) ကလေးသူငယ်ကာကွယ်ရေး လိုအပ်ချက်များကို မည်သို့ဆုံးဖြတ်မည်နည်း။ ၄၃

နည်းလမ်း(၉) မည်သို့လေ့လာ အဆင့်ကြည့်မည်နည်း။ ၄၄
နည်းလမ်း(၁၀) အညွှန်းကိန်းများ စတင်အသုံးပြုခြင်း။ ၄၅
နည်းလမ်း(၁၁) သင်ခန်းစာထုတ်ယူရေး စည်းဝေးပွဲ
မည်သို့ကျင်းပမည်နည်း။ ၄၈
နည်းလမ်း(၁၂) စောဒကတက်ခြင်းနှင့် တုန့်ပြန်မှုဆိုင်ရာ
ယန္တရားတစ်ရပ် မည်သို့ထူထောင်မည်နည်း။ ၄၉
နည်းလမ်း(၁၃) နှုတ်ဖြင့် မည်သို့အစီရင်ခံမည်နည်း။ ၅၂
နည်းလမ်း(၁၄) မည်သို့နှုတ်ဆက်ခွဲခွာမည်နည်း။ ၅၃
အပိုင်း(၇) အခြားသော တာဝန်ရှိမှုအစီအစဉ်များ ၅၅
အပိုင်း(၈) ရင်းမြစ်များ။ အသေးစိတ် ထပ်မံသိရှိလိုသောအချက်များနှင့်
အဖွဲ့အစည်းအမည် အတိုကောက်များ ၅၇

## အမှာ

# တာဝန်ယူမှု(Accountability)နှင့် ထိရောက်မှု(Impact) တိုင်းတာခြင်းအခြေခံများ

ဤ **The good enough guide** စာအုပ်ကိုတာဝန်ယူမှုနှင့် ထိရောက်မှု တိုင်းတာခြင်း အခြေခံများကို အုတ်မြစ်အဖြစ် အခြေပြုရေးသားထားသည်။ အောက်တွင်ပြုစုဖော်ပြထားသော အခြေခံများကို ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလက နိုင်ရိုဘီမြို့တွင်ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် အရေးပေါ် အခြေအနေကို တုန့်ပြန်နိုင်မှု စွမ်းရည်မြှင့်တင်ရေးစီမံချက်၏ အဖွဲ့ဝင် အေဂျင်စီ (၇)ခုမှ ကိုယ်စားလှယ်များက ပြုစုခဲ့ကြသည်။

## တာဝန်ယူမှုအခြေခံများ

လူသားချင်းစာနာမှုဝန်ထမ်းများအနေဖြင့် အနိမ့်ဆုံးအောက်ပါတို့ကို လုပ်ဆောင်သင့်သည်။

၁။ အကူအညီရခွင့်ရှိသူများ၊ မိမိတို့အဖွဲ့အစည်းမှအခြားသော ပါဝင်ပတ်သက်ခွင့်ရှိသူများ။ အဖွဲ့အစည်း၏ စီမံချက်များနှင့် ကယ်ဆယ်ရေးအထောက်အကူပြု ပံ့ပိုးရေးအစီအစဉ်များသို့ အများပြည်သူနှင့်ပတ်သက်သော သတင်းအချက်အလက်များ ပံ့ပိုးပေးသင့်သည်။

၂။ အကူအညီရပိုင်ပိုင်ခွင့်ရှိသူများနှင့် စဉ်ဆက်မပြတ် ညှိနှိုင်းဆွေးနွေးသင့်သည်။ ဤသို့သောဆွေးနွေးမှုသည် လူသားချင်းစာနာမှု လုပ်ငန်းစတင်လျှင်စတင်ချင်း လုပ်ဆောင်ပြီး လုပ်ငန်း ကာလတစ်လျှောက်လုံး ပုံမှန်ဆက်လက် လုပ်ဆောင်ရမည်။ ဆွေးနွေးညှိနှိုင်းမှုဆိုသည်မှာ ကယ်ဆယ်ကူညီရေးအဖွဲ့အစည်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းမှ အကျိုးခံစားခွင့်ရသူများအကြား သတင်းအချက်အလက်နှင့် အမြင်များ ဖလှယ်ခြင်းပင်ဖြစ်သည်။ ထိုသို့ ဆွေးနွေးနှီးနှော ဖလှယ်ရာတွင် အောက်ပါအချက်များပါဝင်ရမည်။

- ကယ်ဆယ်ရေးအကျိုးခံစားခွင့်ရသူများ၏ လိုအပ်ချက်နှင့် ရည်မှန်းချက်။
- အဖွဲ့အစည်း၏ စီမံချက်အစီအစဉ်များ။
- ကယ်ဆယ်ရေးအကျိုးခံစားခွင့်ရှိသူများ၏ ရပိုင်ခွင့်များ။
- အဖွဲ့အစည်း၏ မျှော်မှန်းထားသောရလဒ်၊ အစီအစဉ်များနှင့်ပတ်သက်သော ကယ်ဆယ်ရေး အကျိုးခံစားခွင့် ရှိသူများ၏ အဖွဲ့အစည်းသို့ပြန်လည် ဆွေးနွေးမှု၊ တုန့်ပြန်မှုများ။

၃။ အောက်ပါတို့ကို အထောက်အကူပြုသောစနစ်ကျသည့် ပြန်လည်ဆွေးနွေးမှု ယန္တရား ထူထောင်သင့်သည်။

- စီမံချက်၏တိုးတက်မှုနှင့် ဆင့်ကဲဖြစ်ပေါ်တိုးတက်မှုများကို အကျိုးခံစားခွင့်ရှိသူများအား အဖွဲ့စီက တင်ပြနိုင်ရန်။
- စီမံချက်သည် ၎င်းတို့၏လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ခြင်းရှိမရှိကို အကျိုးခံစားခွင့်ရှိသူများက အဖွဲ့စီ များသို့ ရှင်းလင်းတင်ပြနိုင်ရန်။
- စီမံချက်ကလုပ်ဆောင်ပေးသော ဘဝပြောင်းလဲတိုးတက်မှုများကို အကျိုးခံစားခွင့်ရှိသူများက အဖွဲ့စီသို့ ရှင်းလင်းတင်ပြနိုင်ရန်။

## ထိရောက်မှုတိုင်းတာခြင်းဆိုင်ရာအခြေခံများ

ထိရောက်မှုတိုင်းတာခြင်းဆိုသည်မှာ လူသားချင်းစာနာမှုစီမံချက်တစ်ခုမှ ထွက်ပေါ်လာသော လူထုဘဝအပြောင်းအလဲ(ရလာဒ်)များကို အရေအတွက်နှင့် အရည်အသွေးပိုင်း ချိန်ညှိပြီးတိုင်းတာခြင်းပင်ဖြစ်သည်။ လူသားချင်း စာနာမှုစီမံချက်ဝန်ထမ်းများသည် အနိမ့်ဆုံးအနေဖြင့် အောက်ပါတို့ကိုလုပ်ဆောင်နိုင်သင့်သည်။

၁။ ထိခိုက်သောလူထုနှင့်သက်ဆိုင်ရာလူ့အဖွဲ့အစည်း၏အခြေခံအခြေအနေများကို လေ့လာဖေါ်ထုတ် ပေးသင့်သည်။

၂။ ထိခိုက်သောလူထုနှင့်ညှိနှိုင်း၍ လိုလားသောအပြောင်းအလဲများကို အမြန်ဆုံး ခွဲခြားသတ်မှတ်ပေးနိုင်သင့် သည်။

၃။ စီမံချက်သွင်းအားစု **(Input)** များနှင့် ရလဒ် **(Output)** များကို လိုလားသော ပြောင်းလဲတိုးတက်မှုနှင့် ချိန်ထား၍ မျက်ခြေမပြတ် လေ့လာဆန်းစစ် မှတ်သားထားနိုင်ရမည်။

၄။ အောက်ပါတို့ကိုလုပ်ဆောင်နိုင်ရန် လူတစ်ဦးချင်းနှင့် ရပ်ရွာအသိုင်းအဝန်း၏ သဘောထားအမြင်များကိုပါ ဝင်ဆောင်ရွက်မှုနည်းလမ်းများဖြင့် ကောက်ယူမှတ်တမ်းတင်သင့်သည်။

- လူထုကလိုလားသည့် လိုလားသောပြောင်းလဲတိုးတက်မှုကို ပိုမိုနားလည်စေရန်။
- အခြေခံအခြေအနေစစ်တမ်း **(Baseline)** တစ်ခု ကူညီထူထောင်ရန်နှင့် ပြောင်းလဲတိုးတက်မှုကို မျက်ခြေမပြတ် လေ့လာရန်။

၅။ ပါဝင်ပတ်သက်သူအားလုံးတို့အား နည်းလမ်းနှင့် အကန့်အသတ်များကို မှီးသား၊ ပွင့်လင်း၊ မေ့မိဋ္ဌာန်ကျစွာ ရှင်းလင်းပြနိုင်ရန်။

၆။ စီမံချက်တိုးတက်ရေးအတွက် စုဆောင်းရရှိသော သတင်းအချက်အလက်များကို အချိန်မှန်မှန်နှင့် ဦးဆောင်တက်ကြွစွာ အသုံးပြုရန်။

# အဓိပ္ပါယ်ဖွင့်ဆိုချက်များ

## ထိရောက်မှုတိုင်းတာခြင်း(Impact Measurement)

ဤ **The good enough guide** တွင် ထိရောက်မှုတိုင်းတာခြင်း ဆိုသည်မှာ အရေးပေါ်စီမံချက်တစ်ခု၏ ရလဒ်အဖြစ် ဖြစ်ပေါ်လာသော အပြောင်းအလဲများကိုတိုင်းတာခြင်းပင်ဖြစ်သည်။ အရေးပေါ်တုန့်ပြန်ဆောင်ရွက်မှုအတွင်း ဤသို့လုပ်ဆောင်ရန်မှာ အမြဲတစေလွယ်ကူသည်မဟုတ်ပေ။ သို့သော် အရှင်းလင်းဆုံးတင်ပြရလျှင် ထိရောက်မှု တိုင်းတာခြင်းဆိုသည်မှာ ထိခိုက်သောလူထုအား "ကျွန်တော်တို့ မည်သို့သော တိုးတက်ပြောင်းလဲမှုများရအောင် လုပ်ဆောင်နေပါသနည်း"ဟု မေးမြန်းခြင်းပင်ဖြစ်သည်။ စီမံချက်နှင့် ထိုစီမံချက်၏ထိရောက်မှုအပေါ် ထိုလူထု၏အမြင်သည် အခြားမည်သူမဆို၏ အမြင်ထက်မဆို ပိုမိုအရေးပါသည်။ ထို့ကြောင့် အရေးပေါ် တုန့်ပြန်ဆောင်ရွက်မှု အဓိကအဆင့်များတွင် ထိရောက်သော လူထုပြောရေးဆိုခွင့်ရှိစေရန် ရည်ရွယ်သော တာဝန်ယူမှုလုပ်ငန်းစဉ်များသည် အရေးပါသည်။

## တာဝန်ယူမှု(Accountability)

တာဝန်ယူမှုဆိုသည်မှာ အဖွဲ့အစည်းတစ်ခုသည် ၎င်း၏ဆုံးဖြတ်ချက်ချမှတ်မှုနှင့် ဆောင်ရွက်မှုများတွင် အုပ်စုအမျိုးမျိုး၏ လိုအပ်ချက်များကို မည်သို့မည်ပုံ ချိန်ညှိပေးသည်ဆိုသည့် အချက်ပင်ဖြစ်ပါသည်။ **NGO** အများစုတွင် စီမံချက်အလှူရှင် သို့မဟုတ် အလှူရှင်အစိုးရကဲ့သို့သော ပိုမိုဩဇာကြီးမားသည့် အုပ်စုများ၏ တာဝန်ယူမှုလိုအပ်ချက်များကို ဖြည့်ဆည်းပေးသောလုပ်ငန်းစဉ်များရှိပြီးဖြစ်သည်။ သို့သော် ဤ **The Good Enough Guide** တွင် တာဝန်ယူမှုဆိုသည်မှာ အရေးပေါ်အခြေအနေကြောင့် ထိခိုက်သော မိန်းမ၊ ယောကျ်ား၊ ကလေးသူငယ်များသည် ၎င်းတို့၏ အရေးပေါ် အခြေအနေအပေါ် ကျွန်ုပ်တို့၏ ဆုံးဖြတ်ခြင်းတွင် ပါဝင်ပတ်သက်လုပ်ဆောင်ခြင်းဟု ဆိုလိုသည်။ ဤအချက်သည် စီမံချက်ကြောင့် ၎င်းတို့လိုလားသော ထိရောက်မှုရရှိရေးကို အထောက်အကူပြုသည်။

## အကူအညီရပိုင်ခွင့်ရှိသူ(Beneficiary)

ဤစာအုပ်ပါ အရေးပေါ်အခြေအနေကြောင့် ထိခိုက်သောလူထုနှင့် အကူအညီရပိုင်ခွင့်ရှိသူဟူသော ဝေါဟာရများတွင် အခြားတစ်စုံတစ်ရာဖော်ပြထားခြင်းမရှိပါက အသက်အရွယ်၊ ကိုယ်အင်္ဂါမသန်စွမ်းမှု၊ ကျားမလူမှုရေးဆိုင်ရာသတ်မှတ်ချက်၊ **HIV** နှင့် **AIDS** အဆင့်၊ ဘာသာ၊ လိင် သို့မဟုတ် လူမှုအဆင့်မရွေး အုပ်စုဝင်များ အားလုံး အကျုံးဝင်သည်။

## ပြည့်စုံကောင်းမွန်ခြင်း(Good Enough)

ဤလမ်းညွှန်၌ ပြည့်စုံကောင်းမွန်ခြင်းဆိုသည်မှာ ခက်ခဲနက်နဲ အနုစိတ်သောဖြေရှင်းမှုထက် ရိုးရှင်းသော ဖြေရှင်းမှုကိုရွေးချယ်ခြင်းဟု ဆိုလိုသည်။ ပြည့်စုံကောင်းမွန်ခြင်းဆိုသည်မှာ ဒုတိယအကောင်းဆုံးရွေးစရာဟု မဆိုလိုပါ။ ဆိုလိုသည်မှာ အရေးပေါ် အခြေအနေကို တုန့်ပြန်ဆောင်ရွက်ရာတွင် လျင်မြန်ရိုးရှင်းသောနည်းလမ်းများကို လက်ခံကျင့်သုံးခြင်းသည် တာဝန်ယူမှုနှင့် ထိရောက်မှုတိုင်းတာရေးအတွက် တစ်ခုတည်းသော လက်တွေ့ကျသည့် ဖြစ်နိုင်ချေတစ်ခုဟု ပြောကြားလိုခြင်းသာဖြစ်သည်။ အခြေအနေပြောင်းလဲသွားသောအခါ ရွေးချယ်ထားသော ဖြေရှင်းမှုကို ပြန်လည်သုံးသပ်ရန် ရည်ရွယ်သင့်ပြီး နည်းလမ်းကိုလည်း လိုက်လျောညီထွေပြင်ဆင်ရပေမည်။

မည်သည်ကအလုပ်ဖြစ်ပြီး မည်သည်ကအလုပ်မဖြစ်ပါသလဲဟူသော အချက်ကို ခွဲခြားသိရန် အထောက်အကူပြုမေးခွန်းများကို အရေးပေါ်အခြေအနေ တုန့်ပြန်မှုကာလအတွင်း များသောအားဖြင့် မေးမြန်းလေ့မရှိပေ။ ထိုမေးခွန်းကို အကဲဖြတ်သူများအတွက် ချန်ထားလေ့ရှိကြသည်။ ဤသို့ လုပ်ဆောင်နိုင်ပြီး အသက်များစွာကယ်တင်နိုင်သော သတင်းအချက်အလက်များကို အကျပ်အတည်းကာလလွန်မှ ရှာဖွေတွေ့ရှိကြရသည်။

စီမံချက်တစ်ခုစီထိရောက်မှု သို့မဟုတ် အခြေအနေကွဲပြားပြောင်းလဲမှုကို ရှာဖွေဖော်ထုတ်ရန် နည်းလမ်းတစ်ခုမှာ အရေးပေါ်ဘေးအန္တရာယ်အခြေအနေထဲမှ ယောက်ျား၊ မိန်းမနှင့် ကလေးငယ်များကို မေးမြန်းခြင်းပင်ဖြစ်သည်။ **NGO** အဖွဲ့အစည်းများသည် ထိုကဲ့သို့သောသူများအတွက် တာဝန်ရှိမှုခံယူရန်၊ ထိုသူများ၏အမြင်များကို ရှာဖွေဖော်ထုတ်ပြီး ထိုအမြင်များကို ၎င်းတို့၏ အရေးပေါ်ဘေးအန္တရာယ်နှင့်ပတ်သက်သော ကျွန်ုပ်တို့၏တုန့်ပြန်ဆောင်ရွက်မှု များ စီမံရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း တို့၏ ဗဟိုချက်အသည်းနှလုံး၌ ထားရှိရန် ကတိပြုခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပေပြီ။

လက်တွေ့တွင်မူ ထိုကတိသည် စောင့်ထိန်းရန်ခက်ခဲသောကတိတစ်ခုဖြစ်သည်။ နည်းပညာချို့တဲ့မှု၊ အချိန် မလုံလောက်မှု၊ ဝန်ထမ်းအင်အားမလုံလောက်မှုနှင့် အခြေအနေပေးမှုမရှိခြင်းတို့အပြင် အချက်အလက်အများအပြားကြောင့် ထိရောက်မှုကာလအတွင်း လုပ်ဆောင်ရန်မဖြစ်နိုင်သော အဟန့်အတားတစ်ခု သဖွယ် ဖြစ်နေခဲ့သည်။

၂၀၀၆ခုနှစ်၊ ဖေဖော်ဝါရီလက နိုင်ငံတကာ **NGO** (၇)ခုမှ လုပ်ငန်းခွင် ဝန်ထမ်းများသည် နိုင်ရိုဘီမြို့တွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခု တက်ရောက်ခဲ့ကြသည်။ ၎င်းတို့သည် အရေးပေါ်ဘေးအန္တရာယ် တုန့်ပြန်မှုကာလအတွင်း ထိရောက်မှုတိုင်းတာခြင်းနှင့် တာဝန်ရှိမှုကို လက်တွေ့အကောင်အထည်ဖော်ခြင်း၏ ပကတိအခြေအနေကို အရှိအတိုင်း သုံးသပ်ခဲ့ကြသည်။ ၎င်းတို့သည် စာမျက်နှာ (၁)မှ(၂)အထိတွင် ဖော်ပြထားသော အခြေခံအချက်အလက်များကို သဘောတူညီခဲ့ကြသည်။ ဤစာအုပ်၊ ကိရိယာများနှင့် ပြည့်စုံ ကောင်းမွန်ခြင်း နည်းလမ်းတို့သည် ရလဒ်များပင် ဖြစ်သည်။

ဤပြည့်စုံကောင်းမွန်မှုလမ်းညွှန်ကို လက်တွေ့လုပ်ငန်းခွင်မှ စီမံချက် အရာရှိများ၊ မန်နေဂျာများအတွက် ရည်ရွယ်သည်။ ၎င်းတို့၏လုပ်ငန်းတာဝန်တွင် ထိရောက်မှုတိုင်းတာခြင်းနှင့် တာဝန်ယူမှုကို အစိတ်အပိုင်းတစ်ရပ်အဖြစ် ကူညီထည့်သွင်းပေးရန်ရည်ရွယ်သည်။ **Sphere, ALNAP, HAP** နှင့် **People in Aid** တို့အပါအဝင် အဖွဲ့အစည်းများ ပူးပေါင်းအစီအစဉ်များနှင့် နိုင်ငံတကာ

**NGO** များ၏ လုပ်ငန်းများမှ ကောက်နုတ်ချက်ဆွဲယူပြုစုထားသည်။ ထိုအစီအစဉ်များနှင့်ပတ်သက်သောအချက်များကို စာမျက်နှာ (   )တွင်ကြည့်ပါ။

ဤလမ်းညွှန်စာအုပ်သည် **NGO** တို့၏ အဖွဲ့အစည်းတစ်ခုချင်းစီ၏ မူဝါဒများ။ အဖွဲ့ပေါင်းစုံ ပူးပေါင်းအစီအစဉ်တို့၏ သတ်မှတ်ချက်စည်းမျဉ်းများ၏နေရာကို အစားထိုးဝင်ရောက်မည်မဟုတ်ပေ။ ထိရောက်မှုတိုင်းတာခြင်းနှင့် တာဝန်ယူမှုတို့နှင့်ပတ်သက်၍ ပြီးပြည့်စုံသော နောက်ဆုံးအနှစ်ချုပ်စာအုပ်လည်း မဟုတ်ပေ။ လျင်မြန်ရိုးရှင်းလွယ်ကူသော နည်းလမ်းများကို မျှဝေခြင်းပင်ဖြစ်သည်။ ဤ **Good Enough Guide** သည် လက်တွေ့မေးခွန်းနှစ်ခုမေးရန်ကို မေးခွန်းနှစ်ခု၏အဖြေများကို ၄င်းတို့လုပ်သောလုပ်ငန်း၊ ၄င်းတို့ချမှတ်သော ဆုံးဖြတ်ချက်များတွင် ထင်ဟတ်အသုံးပြုရန် လုပ်ငန်းခွင်မှ ဝန်ထမ်းများကိုထောက်ကူဖြစ်စေပါသည်။

မည်သည့်ပြောင်းလဲတိုးတက်မှုမျိုး ကျွန်ုပ်တို့လုပ်ဆောင်နေပါသနည်း။ အရေးပေါ်ဘေးအန္တရာယ်ထိခိုက်သော ယောကျာ်း၊ မိန်းမ၊ ကလေးငယ်များကို ကျွန်ုပ်တို့၏ ဘေးအန္တရာယ် အရေးပေါ်တုန့်ပြန်ဆောင်ရွက်မှု စီမံခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့တွင် မည်သို့ ထည့်သွင်းဆောင်ရွက်နိုင်ပါသနည်း။

## ဤလမ်းညွှန်အသုံးပြုနည်း

ဤလမ်းညွှန်အပိုင်း-၁မှ ၅ အထိကို သီးခြားစီဖြစ်စေ၊ အစီအစဉ်လိုက်ဖြစ်စေဖတ်ရှုလေ့လာနိုင်သည်။ အပိုင်းတစ်ပိုင်းစီတွင် အရေးပေါ်အခြားတာဝန်ယူမှုနှင့် ထိရောက်မှုတိုင်းတာခြင်းအတွက်နည်းလမ်း**(Tool)**များ၊ အချိတ်အဆက် **Links** များကို အကြံပြုထားပါသည်။ ဤနည်းလမ်းများကို အပိုင်း-၆ တွင်လည်း တင်ပြထားသည်။

ထိုနည်းလမ်းများတွင် အသစ်အဆန်းမရှိသလောက်ပင်ဖြစ်သည်။ ထို နည်းလမ်းများမှာ အရေးပေါ် စွမ်းရည်တည်ဆောက်ရေးစီမံချက်နှင့် လူသားချင်း စာနာမှု တာဝန်ယူမှု ပူးပေါင်းဆောင်ရွက်ရေး **Emergency Capacity Building Project and Humanitarian Accountability Partnership** အဖွဲ့၏ လုပ်ငန်းများ၏ ပြုစုဖော်ဆောင်ချက်များ၊ စံအဖြစ်သတ်မှတ်ထားသော ပြဋ္ဌာန်းစာအုပ်များမှ မှီငြမ်းထားခြင်းပင်ဖြစ်သည်။ ဤနည်းလမ်းများသည် ပြီးပြည့်စုံသော စာရင်း တစ်ရပ်မဟုတ်သေးပေ။ ဤစာအုပ်တွင် ထိုနည်းလမ်းများကို စုစည်းတင်ပြထားခြင်းမှာ အရေးပေါ်ဘေးအန္တရာယ် တုန့်ပြန်ဆောင်ရွက်မှု ကာလအတွင်း ထိရောက်မှုတိုင်းတာရေး နှင့် တာဝန်ယူမှုတိုင်းတာရေး နည်းလမ်းများကို မှတ်တမ်းတင် ရန် သို့မဟုတ် ပြန်လည်ရယူရန် လက်တွေ့လုပ်ငန်းခွင်ဝန်ထမ်းများအတွက် အခွင့်အရေးရခဲလှသောကြောင့်ပင် ဖြစ်သည်။

ဤ **Good Enough Guide** မှ နည်းလမ်းများသည် မှုကြမ်း **Blueprints** များမဟုတ်။ ပြဋ္ဌာန်းချက်မဟုတ်။အကြံပြုချက်များသာဖြစ်သည်ဟူသော အချက်ကို သတိပြုမိသင့်သည်။ နည်းလမ်းတစ်ခုစီကို သီးခြားစီဖြစ်စေ၊ အခြား နည်းလမ်းများမှ တွဲဖက်၍ဖြစ်စေသုံးနိုင်သည်။ သင်၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ကျွမ်းကျင်မှု၊ အတွေ့ အကြုံများကို အသုံးပြု၍ မည်သည့်နည်းလမ်းကိုသုံးရမည်ကို ဆုံးဖြတ်ပါ။

လက်တွေ့လုပ်ငန်းခွင်ဝန်ထမ်းများအနေဖြင့် သင့်တော်သောလေ့ကျင့်မှု၊ အကြံဉာဏ်နှင့် ပံ့ပိုးမှုများလိုအပ် နေဆဲဖြစ်ကြောင်းကိုလည်း သတိပြုပါ။

**The Good Enough Guide** အသုံးပြုခြင်းသည် ဒုတိယအကောင်းဆုံးကို ရွေးချယ်ခြင်းဟု မဆိုလိုပါ။ ခက်ခဲနက်နဲသောဖြေရှင်းနည်းထက် ရှင်းလင်းလွယ်ကူ သော နည်းလမ်းကို ရွေးချယ်ခြင်းဟုသာ ဆိုလိုသည်။ ယနေ့အတွက် ပြည့်စုံကောင်းမွန်သောနည်းလမ်းတစ်ခုကို မနက်ဖြန်အတွက်ဆိုလျှင် လိုအပ်ချက်၊ ရင်းမြစ်နှင့် ပြောင်းလဲသွားသော လုံခြုံရေးအခြေအနေများအရ ပြန်လည်သုံးသပ်သင့်သည်။ သုံးသပ်နိုင်သည်။

နောက်ဆုံးနှင့် အရေးပါသောအချက်မှာ ပြည့်စုံကောင်းမွန်လမ်းညွှန်သုံးခြင်းသည် သင့်လုပ်ငန်းဆောင်ရွက်နေသော အနေအထားတွင် အသုံးပြုရန်လွယ်ကူလျင်မြန်၊ အန္တရာယ်ကင်းသော နည်းလမ်းများကို ရွေးချယ်ခြင်းဟု ဆိုလိုသည်။ နည်းလမ်း၏ ပြည့်စုံကောင်းမွန်ခြင်းရှိမရှိသိရန် အောက်ပါမေးခွန်းများကိုသုံးလျှင် အထောက်အကူပြုနိုင်သည်။

- ဘေးအန္တရာယ်ခံလူထုနှင့် လုပ်ငန်းခွင်ဝန်ထမ်းများကို ထိခိုက်စေခြင်းမရှိဘဲ နည်းလမ်းတစ်ခုကို သုံးနိုင်ခြင်း ရှိမရှိ။
- လက်ရှိအခြေအနေ၏ အဓိကလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ခြင်း ရှိမရှိ။
- လက်တွေ့ကျမကျ။
- နည်းလမ်းတစ်ခုကိုသုံးရန် ရင်းမြစ်များ - အချိန်၊ ဝန်ထမ်း၊ စေတနာ့ဝန်ထမ်းနှင့် ငွေကြေးရှိမရှိ။
- လက်တွေ့အသုံးပြုသူများအတွက် အသုံးဝင်မဝင်။
- လုံလောက်သောမိုးရှင်းမှု ရှိမရှိ။
- အကျယ်အပြန့်လက်ခံထားသော လူသားချင်းစာနာမှုတန်ဖိုး၊ စံနှုန်းနှင့် လမ်းညွှန်များအား ရည်ညွှန်း အခြေခံခြင်းရှိမရှိ။
- နောက်တစ်နေ့အတွက် ပြည့်စုံကောင်းမွန်ခြင်း ရှိမရှိ၊ မည်သည့်အချိန်တွင် နည်းလမ်းတစ်ခု၏ အသုံးပြုမှုကို ပြန်လည်သုံးသပ်ရမည်။

# အပိုင်း(၁)

# အဆင့်တိုင်းတွင် လူထုပါဝင်ပါစေ

## အဘယ်ကြောင့်နည်း။

စီမံချက်တစ်ခုတွင် အလှူရှင်၊ ဒေသခံအစိုးရအရာရှိနှင့် အခြား **NGO** များ အပါအဝင် ပါဝင်ပတ်သက်သူ များနိုင်သမျှ များများရှိရန်မှာ အရေးပါသည်။ သို့သော် လူသားချင်းစာနာမှု ကျင့်ဝတ်၊ သဘောတရား၊ စံနှုန်းများနှင့် ဦးတည်ချက်တို့အရ ဘေးအန္တရာယ်ခံ ယောက်ျား၊ မိန်းမနှင့် ကလေးငယ်များကို ဦးစားပေးရန် အလေးထားဖော်ပြသည်။ တာဝန်ယူမှုဆိုသည်မှာ ထိုသူများကို အဖွဲ့အစည်းတစ်ခုစီနှင့်ပတ်သက်သော ထိုအဖွဲ့အစည်း၏အဆိုပြုထားသော လှုပ်ရှားမှုများနှင့်ပတ်သက်သော အချက်အလက်များကို အချိန်မီလုံလောက်စွာ ပံ့ပိုးခြင်းဟု အဓိပ္ပါယ်ရသည်။ ၎င်းတို့၏ ထင်မြင်ချက်များကို ဖော်ပြခွင့်ရရှိရေး စီမံချက်ဒီဇိုင်းအပေါ် ဩဇာသက်ရောက်ခွင့်ရရှိရေး ၎င်းတို့လိုလားသော ရလဒ်ကိုပြောဆိုနိုင်ရေး ရရှိလာသောစီမံချက်ရလဒ်များကို အကဲဖြတ်နိုင်ရေးစသော အခွင့်အလမ်းများ ပံ့ပိုးပေးရေးပင် ဖြစ်သည်။ လူထုပါဝင်ဆောင်ရွက်ခြင်းသည် ထိရောက်မှုကို တိုးတက်စေသည်ဟု အကဲဖြတ်ချက်များအရ သိရသည်။ လူသားချင်းစာနာမှုအကူအညီပေးသူများက တာဝန်ယူမှုသည်လည်း အခြေခံအခွင့်အရေး တစ်ခု၊ တန်ဖိုးတစ်ခုဖြစ်သည်ဟု ပြောကြားခဲ့ကြသည်။

## မည်သည့်အချိန်တွင်သုံးမည်နည်း။

**NGO** များသည် ၎င်းတို့မည်သူမည်ဝါဖြစ်ပြီး မည်သည်တို့ကိုလုပ်ဆောင်နေသည်ကို လူတိုင်းသိလိမ့်မည်ဟု မကြာခဏ ယူဆတတ်ကြသည်။ တစ်ခါတစ်ရံ ဤသို့ယူဆခြင်းသည် မှားယွင်းမှုတစ်ခုသာ ဖြစ်သည်။ အခြေအနေနှင့် လုံခြုံမှုက ခွင့်ပြုသည်နှင့်တစ်ပြိုင်နက် သင်၏အေဂျင်စီနှင့်ပတ်သက်သော အများပြည်သူဆိုင်ရာ အချက်အလက်များ စတင်ဖြန့်ဝေပါ။ ကယ်ဆယ်ရေးပစ္စည်းများနှင့် တာဝန်ရှိမှုရပိုင်ခွင့်များအပါအဝင် ဘေးအန္တရာယ်ခံယောက်ျား၊ မိန်းမ၊ ကလေးသူငယ်များ၏ ရပိုင်ခွင့်နှင့် စီမံချက်အစီအမံများနှင့်ပတ်သက်သော အချက်အလက်များကိုလည်း တတ်နိုင်သမျှ အကြိမ်ရေများများ ပံ့ပိုးပေးပါ။ ပြန်လည်ထွက်ခွာမှုဗျူဟာပြီးစီးသည်၏ စီမံချက်စက်ဝန်းအဆင့်တိုင်းတွင် သတင်း အချက်အလက်များပံ့ပိုးပေးပါ။

## မည်သို့လုပ်ဆောင်မည်နည်း။

လူထုနှင့် စီမံချက်ဆိုင်ရာသတင်းအချက်များကို ဒေသဘာသာစကားဖြင့် ပံ့ပိုးပေးရန် ကြေညာသင်ပုန်း၊ အစည်းအဝေး၊ သတင်းစာနှင့် ရေဒီယိုအသံလွှင့်ခြင်းအပါအဝင် ဒေသအလိုက် ရနိုင်သောမည်သည့်နည်းလမ်းကိုမဆို အသုံးပြုပါ။

သင်၏အေဂျင်စီနှင့် လုပ်ငန်းများနှင့်ပတ်သက်ပြီး ဝန်ထမ်း (အထူးသဖြင့် ဝန်ထမ်းသစ်များ)ကို ရှင်းလင်း ပြောကြားပါ။

နည်းလမ်း - ၁ ။ လိုအပ်ချက်အကဲဖြတ်မှုနှင့် စောင့်ကြည့်ကွပ်ကဲမှုကာလအတွင်း သတင်းအချက်အလက်များ ယောကျ်ားများထံသို့သာမက မိန်းမများထံသို့ပါ မည်သို့ရောက်ရှိသည်ကို စစ်ဆေးလေ့လာပါ။ ဘေးအန္တရာယ် ဒဏ်ခံရသော မိန်းမများ၊ ကလေးငယ်များနှင့် အခြားသောလူထုများ ဖယ်ထုတ်ခံရခြင်းမရှိစေရန် စောင့်ကြည့်စစ်ဆေးပါ။ သင်၏တာဝန်ရှိမှုကိုနည်းလမ်း- ၂အသုံးပြု၍ စစ်ဆေးပါ။

အခြားမည်သည့်နည်းလမ်း အသုံးပြုရမည်ကိုဆုံးဖြတ်ရန် အထောက်အကူဖြစ်စေရေးအတွက် ပြည့်စုံကောင်းမွန် နည်းလမ်းနှင့် ဒေသအခြေအနေ၊ ရင်းမြစ်များနှင့် လုံခြုံရေးဆိုင်ရာ သင်၏ဗဟုသုတကိုအသုံးချပါ။ အပိုင်း ၂-၅တွင် ဘေးအန္တရာယ်တုန့်ပြန်မှုကာလတစ်ခုလုံးအတွင်း လူထုပါဝင်အောင် လုပ်ဆောင်ရေးနှင့် ပတ်သက်သော ထပ်မံအကြံပြုချက်များကို ဖော်ပြထားသည်။

### နည်းလမ်းအကြံပြုချက်

**နည်းလမ်း-၁** သင်၏အေဂျင်စီကို မည်သို့စတင်မိတ်ဆက်မည်နည်း။
သိရှိထားရမည့် စစ်ဆေးရန်အချက်များ
(စာမျက်နှာ-၃၀)

**နည်းလမ်း-၂** သင်မည်သို့တာဝန်ရှိသနည်း။ အများပြည်သူဆိုင်ရာ အချက်အလက်များကိုစစ်ဆေးခြင်း။ (စာမျက်နှာ-၃၂)

**နည်းလမ်း-၃** စီမံချက်ကာလတစ်လျှောက်လုံး လူထုအား မည်သို့ပါဝင်စေမည်နည်း။
(စာမျက်နှာ-၃၄)

**နည်းလမ်း-၄** မည်သို့နှုတ်ဆက်ခွဲခွာမည်နည်း။
(စာမျက်နှာ-၃၆)

## သီရိလင်္ကာနိုင်ငံတွင်လူထုပါဝင်စေခြင်းနှင့် သတင်းအချက်အလက်ပံ့ပိုးခြင်း

၂၀၀၄ ခုနှစ် အာရှဆူနာမီဘေးအန္တရာယ်အပြီး အမ်ပါရာတွင် အစီအစဉ်ရေးဆွဲရေး ကော်မတီတစ်ရပ်ကို ထူထောင်ခဲ့သည်။ ကြီးမား ကျယ်ပြန့်သော လူထုအစည်းအဝေးတစ်ရပ်ကျင်းပပြီး လုပ်ငန်းအထောက် အကူပြုစေရန် စေတနာ့ဝန်ထမ်း(၁၅)ဦးအား သတ်မှတ်ရွေးချယ်ရန် လူထုအား ပြောကြားခဲ့သည်။ ထိုစေတနာ့ဝန်ထမ်းများနှင့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုကို ပြုလုပ်ခဲ့သည်။

ပွင့်လင်းမှုအနေဖြင့် အကူအညီအကျိုးခံစားခွင့်ရှိသူစာရင်းကို ထိုသူများအား ရွေးချယ်သော စံနှုန်းမှတ်ကျောက်များနှင့်တကွ ကြေညာသင်ပုန်းထောင် ပြသခဲ့သည်။ ထိုကြေညာသင်ပုန်းကို ကြည့်ရှုပြီး ကျေနပ်မှုမရှိက စောဒကတက်ရန် အချိန်တစ်ပတ်ပေးခဲ့သည်။ ဘက်တီကာလိုအာတွင်လည်း အလားတူလုပ်ဆောင်ခဲ့သည်။

ကျွန်ုပ်တို့၏လုပ်ငန်းများနှင့်ပတ်သက်၍ စာမျက်နှာလေးမျက်နှာရှိ လက်ကမ်းစာစောင် တစ်စောင်ကိုလည်း လူထု ကျွန်ုပ်တို့အကြောင်းသိရှိရန် ထုတ်ဝေနေသည်။

ရင်းမြစ် - Cherian Mathew, Oxfam GB Sri Lanka

# အပိုင်း(၂)

## အရေးပေါ်အန္တရာယ်ဖတ်ခံရသောလူထု၏ သတင်းအချက်အလက်အကျဉ်း(Profile)ဖော်ထုတ်ခြင်း

### အဘယ်ကြောင့်နည်း။

သင်၏အကူအညီကိုမည်သူတို့က အလိုအပ်ဆုံးဖြစ်သည်ကို ဆုံးဖြတ်ရာတွင် အထောက်အကူပြုနိုင်ရန် လူထု၏ သတင်းအချက်အလက်အကျဉ်း ပြုစု ထုထောင်ပါ။ ယောက်ျားများနှင့် မိန်းမများ ဘေးအန္တရာယ်ခံရပုံခြင်း ကွဲပြားခြားနားသည်။ အချို့သောသူများသည် ၎င်းတို့၏အသက်အရွယ် လူမှုအဆင့် သို့မဟုတ် ဘာသာရေးစသည့် အကြောင်းကြောင်းကြောင့် အခြားသူများထက် ပိုမို ကြီးမားသော ဘေးအန္တရာယ်ကိုရင်ဆိုင်ရလိမ့်မည်။

သင်၏ဘေးအန္တရာယ်တုန့်ပြန်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များစတင်ချမှတ်ရာတွင် အထောက် အကူဖြစ်စေရန် လူထုနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များသည် မရှိမဖြစ်အရေးပါသည်။ မည်သူတို့ မည်ကဲ့သို့ ဘေးအန္တရာယ်ခံရသည်ကို စတင်အကဲဖြတ်ခြင်းမပြုဘဲ ဘေးအန္တရာယ်တုန့်ပြန်ဆောင်ရွက်နိုင်သော အေဂျင်စီများသည် မလိုအပ်သော သင့်တော်မှုမရှိသော အကူအညီမျိုးကို ပေးနိုင်ခြေရှိသည် သို့မဟုတ် ထိခိုက်လွယ်မှုအကြီးမားဆုံးရှိသူများထံသို့ အကူအညီမရောက်ဖြစ်နိုင်သည်။

### မည်သည့်အချိန်တွင်နည်း။

အသက်များစွာအန္တရာယ်နီးကပ်နေချိန်တွင် လူသားချင်းစာနာမှုအေဂျင်စီများသည် လျှင်မြန်စွာ အရေးယူ ဆောင်ရွက်ရန်လိုအပ်သည်။ ဘေးအန္တရာယ်ကျရောက်သော လူထုနှင့်ပတ်သက်သည့် ပြည့်စုံသောအချက်အလက် အပြည့်အစုံရရှိအောင် မစောင့်ပါနှင့်။ သို့သော် လိုအပ်ချက်အကဲဖြတ်မှုအဆင့်အတွင်း ဘေးအန္တရာယ်ထိခိုက်သော လူထု၏ သတင်းအချက်အလက်အကျဉ်းကို စောနိုင်သမျှစောလျှင်စွာပြုစုပါ။ အချက်အလက်များကို အချိန်နှင့် ကိုက်ညီအောင် စဉ်ဆက်မပြတ် ပြင်ဆင်ပါ။ အနေအထားပြောင်းလဲသွားလျှင် သို့မဟုတ် အချက်အလက်ပိုမိုရရှိလျှင် ထပ်မံဖြည့်စွက်ပြင်ဆင်ပါ။

## မည်သို့လုပ်ဆောင်မည်နည်း။

အရေးပေါ် ဘေးအန္တရာယ်အားလုံးတို့သည် တစ်ခုနှစ်တစ်ခုကွဲပြားကြသည်။ ထိုးနှက်မှုနှေးကွေးသော ဘေးအန္တရာယ်များတွင် အကဲဖြတ်ရန် အချိန်ပိုမိုရရှိနိုင်သည်။ သို့သော် ထိုးနှက်မှုမြန်ဆန်သောဘေးအန္တရာယ်များနှင့် ပဋိပက္ခများတွင် သတင်းအချက်စုဆောင်းကောက်ယူခြင်းသည် လက်တွေ့လုပ်ငန်းခွင်ဝန်ထမ်းများနှင့် အကူအညီခံစားခွင့်ရှိသူများအတွက် အန္တရာယ်ကြီးမားပြီးခက်ခဲသည်။ ထို့ကြောင့် မည်သည့်တစ်ဆင့်ခံသတင်းအချက်အလက်များ အသင့်ရနိုင်သည်ကိုသိရှိရန် လက်တွေ့လုပ်ငန်းခွင်ဝန်ထမ်းများအတွက် လွန်စွာအရေးကြီးသည်။ တစ်ဆင့်ခံ သတင်းအချက် အလက်များကို အောက်ပါတို့မှ ရနိုင်သည်။

- ဒေသဆိုင်ရာလက်တွေ့လုပ်ငန်းခွင်ဝန်ထမ်းများ
- အေဂျင်စီဖိုင်တွဲများ
- သက်ဆိုင်ရာအစိုးရ ကုလသမဂ္ဂ ဒေသခံသို့မဟုတ် နိုင်ငံတကာ **NGO** စသည့် အခြားသော အဖွဲ့အစည်းတစ်ခုခု။ ဥပမာအားဖြင့် အစိုးရနှင့် ကုလသမဂ္ဂ အေဂျင်စီများသည် ဘေးအန္တရာယ်ကျရောက်သော ဒေသ၏ စာရင်းအင်း ဆိုင်ရာ အချက်အလက်များကို ထိန်းသိမ်းထားနိုင်ခြေရှိသည်။

မည်သို့ပင်ဆိုစေကာမူ ဘေးအန္တရာယ်အများစုတွင် အနည်းဆုံး အချို့သောအကူအညီခံစားခွင့်ရှိသူများ ဘေးအန္တရာယ်တုန့်ပြန်မှုမစတင်မီ တိုက်ရိုက်ပါဝင်ရန်ဖြစ်နိုင်သည်။

လူထုသတင်းအချက်အလက်အကျဉ်းပြုစုခြင်းကို အချိန်ကာလာက ခွင့်ပြုပြီး ချဉ်းကပ်ရန်လမ်း ပိုမိုလွယ်ကူ လာသောအခါ ထပ်မံပြုလုပ်နိုင်သည်။

အကဲဖြတ်အဖွဲ့များတွင် အမျိုးသားများနှင့် အမျိုးသမီးများပါဝင်သင့်သည်။ အမျိုးသားများသာ ပါဝင် သောအဖွဲ့သည် အမျိုးသမီးများ၏ အန္တရာယ်ထိခိုက်လွယ်မှုကို အကဲဖြတ်ရန်ခက်ခဲသည်။ အကဲဖြတ်အဖွဲ့သည် အမျိုးသားများကိုသာမက အမျိုးသမီးများကိုပါ ဆွေးနွေးသင့်ပြီး ကလေးသူငယ်များကဲ့သို့သော အန္တရာယ်ပိုမိုကျရောက် နိုင်သော အခြားအုပ်စုများ၏ လိုအပ်ချက်များကိုလည်း အကဲဖြတ်ရမည်။ (ကိရိယာ-၈) ဝန်ထမ်းများသည် ၎င်းတို့ရရှိသော အချက်အလက်များ၏ တိကျမှုကိုစစ်ဆေးရန် ဖြစ်နိုင်ချေရှိသောအချိန်တိုင်းတွင် အပြန်ပြန်အလှန်လှန် စစ်ဆေးရန် ကြိုးစားသင့်သည်။

ဖြစ်နိုင်ချေရှိသောနေရာများတွင် ဒေသခံ၊ နိုင်ငံတကာ **NGO** များနှင့် အကူအညီကိစ္စ ညှိနှိုင်းဆောင်ရွက်ရန် ရည်မှန်းပါ။ ပူးတွဲအကဲဖြတ်မှုပြုလုပ်ပါ။ ဒေသခံရင်းမြစ်များကို အသုံးချပါ။ ဆုံးဖြတ်ချက်နှင့် သတင်းအချက်အလက် ဖလှယ်ပါ။ လစ်ဟာမှုများ ခွဲခြားသတ်မှတ်ပါ။

### နည်းလမ်းအကြံပြုချက်

**နည်းလမ်း-၄** ဘေးအန္တရာယ်ကျရောက်သော ရပ်ရွာဒေသကို သတင်းအချက်လက်ပြုစုရေးဆွဲပြီး ကနဦးလိုအပ်ချက်များ အကဲဖြတ်မည်နည်း။ (စာမျက်နှာ-၃၆)

**နည်းလမ်း-၅** တစ်ဦးချင်း တွေ့ဆုံမေးမြန်းမှု မည်သို့ပြုလုပ်မည်နည်း။ (စာမျက်နှာ-၃၈)

**နည်းလမ်း-၆** **Focus Group** များ မည်သို့ဆောင်ရွက်မည်နည်း။ (စာမျက်နှာ-၄၀)

**နည်းလမ်း-၇** စစ်တမ်းကောက်ယူခြင်းပြုမပြု မည်သို့ဆုံးဖြတ်မည်နည်း။ (စာမျက်နှာ-၄၂)

**နည်းလမ်း-၈** ကလေးသူငယ်အကာအကွယ်ပေးရေး လိုအပ်ချက်များကို မည်သို့အကဲဖြတ်မည်နည်း။ (စာမျက်နှာ- ၄၃)

### လူသားချင်းစာနာမှုကယ်ဆယ်ရေးတုန့်ပြန်ဆောင်ရွက်ခြင်း မပြုမီဘေးအန္တရာယ်ကျရောက်သောလူထုအားပါဝင်စေခြင်း

ရုတ်တရက်ဖြစ်ပေါ်သော ဘေးအန္တရာယ်အကျပ်အတည်းအတွင်း အလျှင်အမြန် အရေးယူဆောင်ရွက်ရန် အရေးကြီးသည်။ သို့သော် ဘေးအန္တရာယ် ခံရသော လူထု အချို့အား ပြောဆိုဆွေးနွေးရန်လည်း အမြဲလိုဖြစ်နိုင်ချေရှိသည်။ အချိန် အနည်းငယ် သာရသောကြောင့် တွေ့ဆုံမေးမြန်းမှု အနည်းငယ်သာ ပြုလုပ်နိုင်ဖွယ်ရှိသည်။ ထို့ကြောင့် တွေ့ဆုံမေးမြန်းခြင်းခံယူရမည့်သူကို ဂရုတစိုက် ရွေးချယ်ရမည်။

ပထမဆုံးအဆင့်အနေဖြင့် တစ်ဆင့်ခံသတင်းအချက်အလက်နှင့် အမာခံ သတင်းပေးပို့သူများကို အသုံးပြု၍ ဘေးအန္တရာယ် အထိခိုက်ဆုံးဒေသကို ရှာဖွေသတ်မှတ်ရမည်။ ဒုတိယအဆင့်အနေဖြင့် အမျိုးမျိုးသော ပါဝင်ပတ်သက် သူများနှင့် လတ်တလော လျှင်မြန်စွာညှိနှိုင်းပြီး အန္တရာယ် ထိခိုက်မှုအလွယ်ကူဆုံးအုပ်စုကိုရွေးချယ်ရမည်။ နောက်ဆုံးအဆင့် အနေဖြင့် သင့်သလိုရွေး ချယ်ခြင်းကိုအသုံးပြုပြီး တစ်ဦးချင်းနှင့် အုပ်စုသတင်းပေးပို့သူများကို ရွေးချယ်ရမည်။

ဤအဆင့်သုံးဆင့် အနက် မည်သည့်အဆင့်ကိုမဆို တစ်နာရီအတွင်း လုပ်ဆောင်နိုင် သည်။ သို့သော် အချိန်ပိုမိုရရှိပါက လုပ်ငန်းအဆင့်ဆင့်တိကျမှု ပိုမိုကောင်းမွန်လိမ့်မည်။ အောင်မြင်စီမံချက်များသည် ပြည့်စုံသော သတင်းအချက်အလက် မရရှိမီ ကနဦး ရင်ဆိုင်ဖြစ်ပွားမှုများကို မနှောင့်နှေးစေသင့်ပေ။ သတင်း အချက်အလက် အရည်အသွေး တိုးတက်လာသည်နှင့်အမျှ လုပ်ဆောင်မှုများကို ထိန်းညှိပေးသင့်သည်။ အကဲဖြတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ ယှဉ်တွဲဆောင်ရွက်ရမည်။

ရင်းမြစ် - IFRC (2005) World Disaster Report 2005.

# အပိုင်း(၃)

# လူထုလိုလားသောအပြောင်းအလဲများခွဲခြားသတ်မှတ်ပါ။

## အဘယ်ကြောင့်နည်း။

ဘေးအန္တရာယ်ထိခိုက်သောလူထုသည် ၎င်းတို့၏အကျိုးစီးပွားအတွက် အကောင်းဆုံးသော အကဲဖြတ်နိုင်သူများ ဖြစ်သည်။ ၎င်းတို့လိုလားသော အပြောင်းအလဲများသည် စီမံချက်တစ်ခုက လုပ်ဆောင်နိုင်ဖွယ်ရှိသော အပြောင်းအလဲနှင့် ထိရောက်မှုကိုပြသသည့် အရေးပါသောလက္ခဏာဖြစ်သည်။ ဘေးအန္တရာယ် အကူအညီရပိုင်ခွင့်ရှိသူများက ထိုအပြောင်းအလဲများကို ခွဲခြားသိရှိပြီး ဆုံးဖြတ်ချက်ချမှတ်ရာတွင် အထောက်အကူပြုသောအခါ စီမံချက်ထိရောက်မှုသည် ကြီးမားဖွယ်ရှိသည်။ တစ်ဘက်မှကြည့်ပါက လူထုပါဝင်ခြင်းမရှိသောအခါ အရေးပေါ် တုန့်ပြန်ဆောင်ရွက်မှုသည် ၎င်း၏စံနှုန်းများနှင့် လွဲချော်မည်။ အန္တရာယ်ထိခိုက်မှုအလွယ်ဆုံးတစ်ခုကို ချန်လှပ်ခဲ့နိုင်သည်။ ငွေဖြုန်းတီးခြင်း ဖြစ်နိုင်သည်။ ထို့နောက် အခြေအနေပိုမိုဆိုးရွားအောင် လုပ်နိုင်သည်။

စီမံချက်ဒီဇိုင်းရေးဆွဲရာတွင် ပါဝင်သူများသည် ကိစ္စတစ်ရပ်ကို ၎င်းတို့၏ ကိစ္စ ဖြစ်သည် ဟု ခံယူလေ့ရှိပြီး တာဝန်ယူကြသည်။ ဤအချက်သည် **NGO** များက ရေစုပ်ပန့်နှင့် ရေအိမ်တို့ကဲ့သို့ ရေရှည်ပြုပြင်ထိန်းသိမ်းရန် လိုအပ်သော ပစ္စည်းကိရိယာများ ဖြန့်ဝေရာတွင် ပိုမိုအရေးပါသည်။

## မည်သည့်အချိန်တွင်နည်း။

မီဒီယာများ၊ အလှူရှင်များနှင့် အစိုးရထံမှဖိအားသည် အရေးပေါ် တုန့်ပြန်မှုအစပိုင်းတွင် ကြီးမားနိုင်သည်။ ထိုကဲ့သို့သောအခြေအနေသည် အေဂျင်စီများကို ၎င်းတို့မလုပ်ဆောင်နိုင်သော ကတိကဝတ်များပေးမိအောင် တွန်းအားပေးနိုင်သည်။ ဘေးအန္တရာယ်ဒဏ်ခံရသောလူထုကို ၎င်းတို့ မည်သို့ခံစားရသည် စီမံချက်၏ရလဒ် မည်သည်တို့ဖြစ်လာသည်ကို မြင်လိုသည်ကို တတ်နိုင်သမျှ အမြန်ဆုံးမေးပါ။ ဖောက်ထိုးမိုးမျှော်ဖြစ်သွားရသည်မှာ ထိုလူထု၏ အိမ်၊ မိသားစုနှင့် သူတို့၏ လောကသာလျှင်ဖြစ်သည်။

ညှိနှိုင်းဆွေးနွေးခြင်းဆိုသည်မှာ ကြီးမားသောဆုံးဖြတ်ချက်များကို အခြားသူများကချမှတ်ပြီးမှ ပြုလုပ်သော တစ်ထိုင်တည်း တစ်ကြိမ်တည်းအပြီးအပြတ် ပြုလုပ်သည့် အစည်းအဝေးမျိုးမဟုတ်ပါ။ အချိန်မီဆက်သွယ်ခြင်းနှင့် လူထု ဆုံးဖြတ်ချက်ချမှတ်ရာတွင် အထောက်အကူပြုသော သတင်းအချက်အလက်၊ စီမံချက်စက်ဝိုင်းတစ်လျှောက်လုံး ညှိနှိုင်းဆွေးနွေးခြင်း အေဂျင်စီတစ်ခု

မည်သည်တို့ကို လုပ်ဆောင်နိုင်ပြီး မည်သည်တို့ကို မလုပ်ဆောင်နိုင်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ ပွင့်လင်းလက်တွေ့ကျခြင်းဟူသော အဓိပ္ပါယ်ရပါသည်။

## မည်သို့လုပ်ဆောင်မည်နည်း။

ဖြစ်နိုင်လျှင် ဆွေးနွေးညှိနှိုင်းမှုနည်းလမ်းတစ်ခုခုက အသုံးပြုပါ။ ဥပမာ အားဖြင့် ကျေးရွာစည်းဝေးပွဲ (နည်းလမ်း-၃) **Plus Focus** အုပ်စု (နည်းလမ်း-၆) စသည်ဖြင့်အသုံးပြုပြီး လူထုအမျိုးမျိုးထံသို့ ရောက်ရှိအောင် လုပ်ဆောင်ပါ။ ရပ်ရွာအတွင်းမှ အုပ်စုတစ်စုချင်းစီ၏ လိုလားမှုကိုသိရှိရန် သီးခြားဆွေးနွေးမှုများပြုလုပ်ပါ။ အစဉ်အလာ အားဖြင့် အာဏာရှိသူအကြီးအကဲက အမျိုးသမီးများ၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ သို့မဟုတ် ထိခိုက်လွယ်မှု အလား အလာရှိသူများ သို့မဟုတ် အခြားသောစည်းခြားခံထားရသော ပုဂ္ဂိုလ်များ ကိုယ်စားပြောကြားလိမ့်မည်ဟု မယူဆပါနှင့်။

ရပ်ရွာအတွက်အရေးပါသောအရေးအတွက်နှင့် အရှည်အဝေးဆိုင်ရာ အခြေအနေပြလက္ခဏာများ စတင်ပြုစုရန် ဆွေးနွေးညှိနှိုင်းမှုကို အသုံးပြုပါ။ (နည်းလမ်း-၁၀) ဆွေးနွေးချက်များတွေ့ရှိသော လိုအပ်ချက်များ၊ အခြေအနေပြ လက္ခဏာများ (အလျှင်းက မကောင်းဆိုလျှင်ပင်)ကို ရေးသားမှတ်တမ်းပြုစုပါ။ အပြောင်းအလဲနှင့် ထိရောက်မှုကို တိုင်းတာရာတွင် အထောက်အကူဖြစ်စေရန် ထိုမှတ်တမ်းကိုအသုံးပြုပါ။ လေ့လာရရှိသော အရေးပါသည့် သင်ခန်းစာများကို မှတ်တမ်းတင်ထားပြီး စီမံချက်ဝန်ထမ်းများနှင့် စီမံချက်လှုပ်ရှားမှုများသို့ အသိပေးပါ။ (နည်းလမ်း-၁၁)

## နည်းလမ်းအကြံပြုချက်

**နည်းလမ်း-၃** စီမံချက်တစ်လျှောက်လုံး လူထုအား မည်သို့ပါဝင် ပေမည်နည်း။ (စာမျက်နှာ-၃၄)

**နည်းလမ်း-၅** တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုများမည်သို့ပြုလုပ်မည်နည်း။ (စာမျက်နှာ-၃၈)

**နည်းလမ်း-၆** **Focus Group** တစ်ခုမည်သို့ဆောင်ရွက်မည်နည်း။ (စာမျက်နှာ-၄၀)

**နည်းလမ်း-၁၀** အခြေအနေပြလက္ခဏာများမည်သို့စတင်အသုံးပြုမည် နည်း။ (စာမျက်နှာ-၄၅)

**နည်းလမ်း-၁၁** သင်ခန်းစာထုတ်ယူရေးစည်းဝေးပွဲမည်သို့ကျင်းပမည် နည်း။ (စာမျက်နှာ-၄၈)

## ၄င်းတို့တွေ့မြင်လိုသောအရာနှင့်ပတ်သက်ပြီး လူထုနှင့်မြန်နိုင်သမျှအမြန်ဆုံးဆွေးနွေးပါ။

အစိုးရများ၊ **NGO** များနှင့် ပုဂ္ဂလိကကန်ထရိုက်တာများသည် ၂၀၀၄-ခုနှစ် ဆူနာမီဘေးအန္တရာယ်အပြီးတွင် အိုးအိမ်မဲ့မိသားစုများအတွက် ယာယီအိမ်များပံ့ပိုးရန်နှင့် အမြန်လုပ်ဆောင်ခဲ့ကြသည်။ သို့သော် ၄င်းတို့ သည် စီမံရေး ဆွေးနွေးပွဲများတွင် ဘေးအန္တရာယ်ခံမိသားစုများကို ထည့် သွင်းခြင်းမရှိသလောက်ပင်ဖြစ်သည်။ အဆိုးရွားဆုံးနေရာတွင် အိုးအိမ်များသည် ဒီဇိုင်းညံ့ဖျင်းပြီး နေထိုင်၍မရလောက်အောင်ဖြစ်နေသဖြင့် ဖျက်သိမ်းခဲ့ရသည်။

သီရိလင်္ကာနိုင်ငံရှိရွှေ့ပြောင်းအစီအစဉ်တစ်ရပ်တွင် **Oxfam** သည် အိုးအိမ်မဲ့ အမျိုးသား၊ အမျိုးသမီးများနှင့် စီမံရေးအလုပ်ရုံဆွေးနွေးပွဲများကျင်းပခဲ့သည်။ **Oxfam** သည် **Sphere Project** က ဖော်ထုတ်ခဲ့သောကမ္ဘာ့စံနှုန်းများနှင့် အခြေအနေပြလက္ခဏာများကို အသုံးပြုခဲ့သည်။ ၄င်း၏ လုပ်ငန်းခွင်ဝန်ထမ်းများသည် ဆောက်လုပ်ရေးလုပ်ငန်း မစတင်မီဘေး အန္တရာယ်ခံမိသားစုများနှင့် ဆွေးနွေးပွဲများတွင် အိမ်အရွယ်အစား၊ ပုံစံ၊ အသုံးပြုပစ္စည်းနှင့် ဆောက်လုပ်မှုတို့ကို သဘောတူခဲ့သည်။

ရင်းမြစ် - Iran Scott, Oxfam GB

# အပိုင်း(၄)

## အပြောင်းအလဲကိုအခြေခံ၊ တုန့်ပြန်ဆွေးနွေးမှု နှစ်လမ်းသွားဖြစ်စဉ်ဖြစ်အောင်လုပ်ဆောင်

### အဘယ်ကြောင့်နည်း။

စီမံချက်လုပ်ငန်းများလည်ပတ်မှု မည်မျှကောင်းမွန်သည်ကို သိရှိရန် ဖြန့်ဝေသောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို စဉ်ဆက်မပြတ်ကြည့်ရှုလေ့လာပါ။ စီမံချက်သည် လူထုလိုလားသော အပြောင်းအလဲကို ဖော်ဆောင်နိုင်ခြင်းရှိမရှိသိရှိရန် ဘေးအန္တရာယ်ခံလူထုထံမှ စောဒကတက်မှုများအပါအဝင် တုန့်ပြန်ဆွေးနွေးမှုများကို ဖိတ်ခေါ်ပါ။ တုန့်ပြန်ဆွေးနွေးမှုများကို နှစ်လမ်းသွားဖြစ်စဉ် ဖြစ်အောင်လုပ်ပါ။ အခြေအနေပြလက္ခဏာများနှင့် နှိုင်းယှဉ်၍ တိုးတက်မှု ကယ်ဆယ်ရေးအကူအညီရပိုင်ခွင့်ရှိသူများထံ အစီရင်ခံတင်ပြပါ။

အပြောင်းအလဲကို မျက်ခြေမပြတ်စောင့်ကြည့်ခြင်းနှင့် နှစ်လမ်းသွား တုန့်ပြန်ဆွေးနွေးမှုစနစ်သည် အောက်ပါ တို့အတွက် မရှိမဖြစ်အရေးပါသည်။

- ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် တိုးတက်မှုဖော်ဆောင်ခြင်း။
- လစ်ဟာမှုများ၊ လိုအပ်ချက်အသစ်များနှင့် ဖြစ်နိုင်ချေရှိသောပြဿနာများ ခွဲခြားသတ်မှတ်ခြင်း။
- ဝန်ထမ်းများအား ပံ့ပိုးမှုပေးခြင်းနှင့် ၎င်းတို့၏လုပ်ငန်းအတွက် တုန့်ပြန်မှု တစ်ခုပေးခြင်း။
- ငွေကိုအကျိုးရှိစွာသုံးစွဲနိုင်စေခြင်း။
- ရပ်ရွာနှင့်အခြားပါဝင်ပတ်သက်သူများကို အသိပေးခြင်းနှင့် ပါဝင်ပတ်သတ်နေစေခြင်း။
- တာဝန်ရှိမှုကို ဖော်ပြခြင်း။

တုန့်ပြန်ဆွေးနွေးမှုသည် အပြုသဘောဆောင်သကဲ့သို့ ဆန့်ကျင်မှုသဘောလည်းဆောင်နိုင်သည်။ သို့သော် စောဒကတက်ခြင်းမှာ လုပ်ငန်းများမှားယွင်းနေသောကြောင့်ဖြစ်နိုင်သည်။ စောဒကတက်ခြင်း၊ တုန့်ပြန်မှုယန္တရား တစ်ရပ်သည် ထိရောက်မှု၊ တာဝန်ယူမှုနှင့် လေ့လာသင်ယူမှု အတွက်လိုအပ်သည်။ အဂတိလိုက်စားမှု၊ အလွဲသုံးစားမှုနှင့် အမြတ်ထုတ်မှုတို့ကိုဖော်ထုတ်ရာတွင် မရှိမဖြစ်အရေးပါသည်။

## မည်သည့်အချိန်တွင်နည်း။

စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်း၊ တုန့်ပြန်ဆွေးနွေးမှုများ၊ ဘေးအန္တရာယ်ခံလူထုသို့ အစီရင်ခံခြင်းတို့ကို စီမံချက် တစ်လျှောက်လုံးတွင် တတ်နိုင်သမျှ မကြာခဏပြုလုပ်သင့်သည်။ အထူးသဖြင့် လုပ်ငန်းခွင်ဝန်ထမ်းပြောင်းလဲမှု မြင့်မားသောအခါ လွန်စွာအရေးပါသည်။ စဉ်ဆက်မပြတ်ရေးနှင့် စီမံချက်၏ အဓိကရည်မှန်းချက်ကို နားလည်မှုတစ်ခုရရှိရေးအတွက် အထောက်အကူပြုသည်။ စီမံချက်စတင်ပြီး စောဒကတက်ခြင်းနှင့်တုန့်ပြန်မှုယန္တရားတစ်ရပ်ကို စောလျင်နိုင်သမျှ စောလျင်စွာထားရှိသင့်သည်။

## မည်သို့လုပ်ဆောင်မည်နည်း

ချမှတ်ပြီးသား အခြေအနေပြလက္ခဏာများနှင့်ယှဉ်၍ တိုးတက်မှု၊ ပြောင်းလဲမှုများကို မျက်ခြေမပြတ်စေသော မေးခွန်းများပြင်ဆင်ရာတွင် အထောက်အကူပြုစေရန် စီမံချက်မှတ်တမ်းကို အသုံးပြုပါ။ ရပ်ရွာနှင့်ပတ်သက်၍ မည်သည့် အခြေအနေပြလက္ခဏာမျှ မသတ်မှတ်ရသေးပါက တုန့်ပြန်ဆွေးနွေးမှုကိုအသုံးပြု၍ လုပ်ဆောင်ပါ။

စီမံချက်နှင့်ပတ်သက်သော ရပ်ရွာ၏အမြင်နှင့် တစ်ဦးချင်း၏အမြင်နှစ်မျိုးစလုံးကို စုဆောင်းမှတ်တမ်းတင်ပါ။ လိုအပ်ပါက ရပ်ရွာအတွင်းရှိ အုပ်စုအမျိုးမျိုးတို့ တုန့်ပြန်ဆွေးနွေးမှု သီးခြားပြုလုပ်နိုင်ရန် လုပ်ဆောင်ပါ။ ဖြစ်နိုင်သော နေရာများတွင် သင်ခန်းစာထုတ်ယူမှုစည်းဝေးပွဲများတွင် ပါဝင်ရန် ဖိတ်ခေါ်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းတို့ဖြင့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ **NGO** များနှင့် ညှိနှိုင်းဆောင်ရွက်ပါ။ (နည်းလမ်း - ၁၁)

အသုံးပြုခဲ့ခြမ်းစိတ်ဖြာနိုင်သောပမာဏထက်ပို၍ သတင်းအတွက် မစုဆောင်းပါနှင့်။ အခြား ထူးခြားသော ပါဝင်ပတ်သက်သူများ၊ ဘေးအန္တရာယ်ခံအုပ်စုများနှင့် ကော်မတီများသို့ အတတ်နိုင်ဆုံး မကြာခဏအစီရင်ခံပါ။ ဖြစ်နိုင်လျှင် စီမံချက်စပြီးနောက် ဖြစ်ပေါ်လာသောအပြောင်းအလဲကို ပြသရန် ဓါတ်ပုံ၊ ရုပ်ရှင်နှင့် ခင်းကျင်းပြမှုများကို အသုံးပြုပါ။ သတ်မှတ်ထားသော အခြေအနေပြလက္ခဏာများနှင့် နှိုင်းယှဉ်တိုးတက်မှုဆိုသည်မှာ အဘယ်နည်း။ တုန့်ပြန်ဆွေးနွေးမှု စောဒကတက်မှုတို့မှ မည်သည်တို့ကိုလေ့လာသိရှိရသနည်း။

သင်၏အစီရင်ခံစာသည် အကန့်အသတ်ရှိသောအချက်အလက် (ရွာတစ်ရွာတည်းမှ သို့မဟုတ် အုပ်စုတစ်ခုတည်းမှ)ကို အခြေခံပါက ပွင့်လင်းမှုရှိပြီး ထိုသို့ဖြစ်ရခြင်းအကြောင်းရင်းကို ရှင်းလင်းဖော်ပြပါ။ စီမံချက်အတွက် အပြောင်းအလဲ သို့မဟုတ် နှောင့်နှေးမှုများရှိပါသလား။ အကြောင်းရင်းကို ရှင်းပြပါ။ အစီရင်ခံပြီးနောက် လူထုကို ပြန်လည်ဆွေးနွေးခွင့်ပေးပါ။

**နည်းလမ်းအကြံပြုချက်**

**နည်းလမ်း-၆** **Focus Group** တစ်ခုမည်သို့ဆောင်ရွက်မည်နည်း။ (စာမျက်နှာ-၄၀)

**နည်းလမ်း-၉** မည်သို့လေ့လာစောင့်ကြည့်မည်နည်း။(စာမျက်နှာ-၄၄)

**နည်းလမ်း-၁၀** အခြေအနေပြအချက်အလက်များကို မည်သို့စတင်အသုံးပြုမည်နည်း။ (စာမျက်နှာ-၄၅)

**နည်းလမ်း-၁၁** သင်ခန်းစာထုတ်ယူမှုအစည်းအဝေးမည်သို့ ကျင်းပမည်နည်း။ (စာမျက်နှာ-၄၈)

**နည်းလမ်း-၁၂** စောဒကတက်ခြင်းနှင့် တုန့်ပြန်မှုယန္တရားတစ်ရပ်မည်သို့ထူထောင်မည်နည်း။ (စာမျက်နှာ-၄၉)

**နည်းလမ်း-၁၃** စကားလုံးဖြင့်/နှုတ်ဖြင့်မည်သို့အစီရင်ခံမည်နည်း။ (စာမျက်နှာ-၅၂)

## ဒါဖာတွင် အကူညီခံစားခွင့်ရှိသူများထံမှ တုန့်ပြန်ဆွေးနွေးမှုကို စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်း။

**Medair** မှ ဝန်ထမ်းများသည် ၄င်းတို့ပံ့ပိုးနေသော ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ၄င်းတို့အားပြန်လည်တုန့်ပြန် ဆွေးနွေးပေးရန် အနောက်ဒါဖာရှိဆေးခန်း (၁၀)ခုမှ လူနာ(၈၀၀)အား မေးမြန်းခဲ့သည်။

ဆေးခန်းသို့တစ်ကြိမ်လာတိုင်း လူနာတစ်ဦးသည် အပြုံးပုံပါဝင်သော အပြားဝိုင်း သို့မဟုတ် အပြုံးရိပ်မသန်း သော အပြားဝိုင်းတစ်ခုကို ဖူးသုံးခုအနက်တစ်ခုအတွင်းသို့ ထည့်သွင်းခဲ့ကြသည်။ ထိုအဝိုင်းပြားသည် (၁) စောင့်ဆိုင်းရချိန် (၂) ဝန်ထမ်းအပြုအမူ (၃) ပြဋ္ဌာန်းဆေးဝါးနှင့် ပတ်သက်သောသတင်းအချက်အလက်အရှည်အသွေး စသည်တို့နှင့် ပတ်သက်သော ကျေနပ်မှုအဆင့်ကို ဖော်ပြသည်။

ထိုအသုံးပြုပုံနှင့် မျက်မှောင်ကြုတ်နေပုံတို့ကို ရေတွက်ခြင်းဖြင့် ဝန်ထမ်းများသည် ကျေနပ်မှုအဆင့်ကို အလျင်အမြန်တွက်ချက်နိုင်ပြီး ရာနိုင်နှုန်းအဖြစ်တွက်ချက်ယူနိုင်သည်။ ထိုရာနိုင်နှုန်းများသည် အနာဂါတ်တွင် အပြောင်းအလဲများအတွက် ကျေနပ်မှုအဆင့်စစ်ဆေးရန် အရည်အတွက်ဆိုင်ရာ ညွှန်ပြချက်များဖြစ်လာနိုင်သည်။

ရင်းမြစ် - Rebekka Meissner, Zachariah Ahmed Adam ESifh Robert Schofield

# စီမံချက်ထိရောက်မှုတိုးတက်စေရန်တုန့်ပြန်မှုကိုအသုံးပြုပါ။

## ဘာကြောင့်

စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်း၊ တုန့်ပြန်ဆွေးနွေးမှုနှင့် အစီရင်ခံခြင်းသည် စီမံချက်ကာလအတွင်း မည်သည်ကို အလုပ်ဖြစ်ပြီး မည်သည်တို့ အလုပ်မဖြစ်သည်ကိုသိရှိရန် ဝန်ထမ်းများကို အထောက်အကူပြုသည်။ အမှားအယွင်း သည် ဘေးအန္တရာယ်ခံလူထုအတွက် ပြင်းထန်သောအကျိုးဆက်များဖြစ်နိုင်သည်။ စီမံချက်အတွင်းသင်ခန်းစာများ မျှဝေခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းသည် အလေ့အထကောင်းများကို နမူနာယူထပ်မံပြုလုပ်ပြီး ကောင်းမွန်မှု နည်းပါးသော အလေ့အထများကိုအလျင်အမြန်ဆုံး သတ်မှတ်ခြင်းပင်ဖြစ်သည်။

## ဘယ်အချိန်

အကူအညီရပိုင်ခွင့်ရှိသူများထံမှ တုန့်ပြန်မှုနှင့်စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်းမှရရှိသော သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာအနှစ်ချုပ်ပြီး စီမံမှုအစည်းအဝေးများတွင် အမြန်ဆုံး ချပြပါ။ ဤလုပ်ငန်းအဆင့်ဆင့်မှ အချက်အလက်များကို အသုံးမပြုပါက ထိုအချက်အလက်များ စုဆောင်းခြင်းသည် ဝန်ထမ်းများနှင့် အကူအညီရယူပိုင်ခွင့် ရှိသူများအတွက် အချိန်နှင့် ရင်းမြစ်ဆုံးရှုံးမှုတစ်ခုသာဖြစ်သည်။

လိုအပ်ပါက (ဥပမာအားဖြင့် စောင့်ကြည့်ကွက်ကဲခြင်းအရ အရည်အသွေးညံ့ဖျင်းကြောင်း အထောက်အထား၊ ဝန်ထမ်းများနှင့် အကူအညီရခွင့်ရှိသူများအတွက် အန္တရာယ်၊ သို့မဟုတ် အဂတိလိုက်စားမှုစွပ်စွဲချက်၊ လိင်အရအနိုင်အထက်ပြုမှု စသည်တို့ကိုတွေ့ရလျှက် စီစဉ်ထားသော စီမံမှုအစည်းအဝေးမတိုင်မီ အမြန်ဆုံးအရေးယူဆောင်ရွက်ပါ။ စီမံချက်ပြီးဆုံးသောအခါ ရပ်ရွာသို့ လွှဲပြောင်းပေးအပ်သောအခါ အောင်မြင်မှုနှင့်ယုံကြည်မှုကို မျှဝေပါ။

## ဘယ်လို

တုန့်ပြန်ဆွေးနွေးမှုရရှိသော (သို့မဟုတ်) တိုးတက်မှုကိုလမ်းညွှန်အချက်အလက်များနှင့် နှိုင်းယှဉ် လေ့လာသောအခါရရှိသောအချက်အလက်များကို စီမံချက်ဆုံးဖြတ်ချက်များနှင့် အပြောင်းအလဲများအသိပေးရာတွင် အသုံးပြုပါ။ ကိရိယာ-၁၂နှင့် စာမျက်နှာ-၂၇ ရှိ ဇယားကွက်သည် စောဒကတက်ခြင်းနှင့်

ကြီးကြပ်ကွက်ကဲခြင်း ယန္တရားများက လစ်ဟာမှုများကိုမည်သို့ရှာဖွေ ဖော်ထုတ်နိုင်ပြီး စီမံချက်ထိရောက်မှုနှင့် နယ်ပယ်ကိုကျယ်ပြန့်စေကြောင်း၊ အထောက်အထားများပင် ဖြစ်သည်။

လက်ခံရရှိသောအမေးများ၊ မေးခွန်းများနှင့် စောဒကတက်မှုများကို အကြောင်းစဉ်းစား သုံးသပ်ပါ။ ထိုအဖြေများကို လုပ်ငန်းခွင်ဝန်ထမ်းများ သိရန် အချက်အလက်များစာရင်း (နည်းလမ်း-၁)တွင်ထည့် သွင်းနိုင်ပါသလား။ (သို့မဟုတ်) ဘေးအန္တရာယ်ခံ လူထုအတွက် သတင်းအချက်အလက်စာစောင်တွင်ထည့်သွင်းနိုင်ပါသလား။

သင်ခန်းစာထုတ်ယူရေးစည်းဝေးပွဲများသို့ အကူအညီရခွင့်ရှိသူများအား ဖိတ်ကြားရေးကို ထည့်သွင်းစဉ်းစားပါ။ ထူးခြားသောစီမံချက်အပြောင်းအလဲများနှင့် ထိုအပြောင်းအလဲများ၏ အကြောင်းရင်းကိုဖြစ်ပေါ်စေသော ဆွေးနွေးချက်များကို မှတ်တမ်းရေးသားထိန်းသိမ်းပါ။ တိုးတက်မှု အစီရင်ခံစာများကို အကူအညီရခွင့်ရှိသူများသို့ မျှဝေပါ။ (နည်းလမ်း-၁၃) စီမံချက်အပြီးတွင် နှုတ်ဆက်ရန်မမေ့ပါနှင့်။ အောင်မြင်မှုရရှိသောသင်ခန်းစာနှင့် ယုံကြည်မှုကိုရပ်ရွာသို့ မျှဝေပါ။ စီမံချက်ပြီးဆုံးကြောင်း အထိမ်းအမှတ်ကို သင့်တော်သောအခမ်းအနားဖြင့်ပြုလုပ်ပါ။ (နည်းလမ်း-၁၄)

## နည်းလမ်းအကြံပြုချက်

**နည်းလမ်း-၁** အောဂျင်စီကို မည်သို့မိတ်ဆက်မည်နည်း။ သိထားရန် လိုအပ်သော စစ်ဆေးရန်အချက်အလက်စာရင်း (စာမျက်နှာ-၃၀)

**နည်းလမ်း-၁၁** သင်ခန်းစာထုတ်ယူရေးစည်းဝေးပွဲများ မည်သို့ကျင်းပမည်နည်း။ (စာမျက်နှာ-၄၈)

**နည်းလမ်း-၁၂** စောဒကတက်ခြင်းနှင့် တုန့်ပြန်မှုယန္တရားတစ်ခု မည်သို့ထူထောင်မည်နည်း။(စာမျက်နှာ-၄၉)

**နည်းလမ်း-၁၃** နှုတ်ဖြင့်/စကားဖြင့် အစီရင်ခံစာမည်သို့တင်မည်နည်း။ (စာမျက်နှာ-၅၂)

**နည်းလမ်း-၁၄** မည်သို့နှုတ်ဆက်ခွဲခွာမည်နည်း။ (စာမျက်နှာ-၅၃)

## ထိရောက်မှုတိုးတက်ကောင်းပမွန်စေရန် ကလေးသူငယ်များထံမှ တုန့်ပြန်မှုအသုံးပြုခြင်း

တောင်အာဖရိကၥ် **C-SAFE** စီမံချက်တွင် **CARE, Catholic Relief Services, World Vision** နှင့် **Adventist Development & Relief Agency International-ADRAL** တို့ပါဝင်ကြသည်။ ၎င်း၏ ကလေးသူငယ်များ၏ အသံကို နားထောင်ခြင်းလုပ်ငန်းအစီအစဉ်ကို ကျောင်းတွင် ကျွေးမွေးရေးအစီအစဉ်တစ်ခုကို ကြီးကြပ်ကွပ်ကဲရန်နှင့် အစာရေစာမလုံလောက်မှုကိုကလေးသူငယ် ရှုထောင့်မှနားလည်ရန် ထူထောင်ခဲ့ခြင်းဖြစ်သည်။

**C-SAFE** ဝန်ထမ်းများသည် တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုများနှင့် **Focus Group** များ အသုံးပြုကြသည်။ ဇင်ဘာတွေနိုင်ငံခရိုင်တစ်ခုစီမှ ကျောင်း(၅)ကျောင်းကိုရွေးချယ်ခဲ့သည်။ အတန်းတစ်တန်းစီမှ ကလေးငယ်သုံးဦးကို လစဉ်တွေ့ဆုံမေးမြန်းသည်။ အသက်အကြီးဆုံးယောကျ်ားကလေးများနှင့် မိန်းကလေးများအတွက် သီးခြား **Focus Group** များလည်း ရှိသည်။ စုစုပေါင်း ကလေးငယ် (၅၀၀၀)ကို တွေ့ဆုံမေးမြန်းခဲ့သည်။

တွေ့ရှိချက်များမှာ ကလေးငယ်များ၏အရေအတွက်လမ်းညွှန်ကိန်းဂဏန်းများထက် ကျော်လွန်(အသက်၊ အရပ်၊ အလေးချိန်)သည်။ ထို့ကြောင့် ဤအချက်များသည် လွန်စွာအရေးပါသည်။ တွေ့ဆုံမေးမြန်းခံရသူများ၏ အတန်းဖော်အများအပြားမှာ အစားအစာချက်ပြုတ်စရိတ် ကာမိစေရန်အတွက် ကျောင်းမှကောက်ခံသော အခကြေးငွေ အနည်းငယ်ကိုပင် မပေးနိုင်ကြကြောင်း **C-SAFE** ကတွေ့ရှိခဲ့သည်။ တစ်ခါတစ်ရံ အချို့သောကလေးငယ်များမှာ ထိုအစားအစာများ မစားသောက်ရန်တားမြစ်ခံရပြီး အချို့မှာမူ ကျောင်းမတက်အောင်ပင် တားမြစ်ခံကြရသည်။

အချို့သောကျောင်းများအတွက် စရိတ်ကောက်ခံမှုလိုအပ်သော်လည်း သုံးသပ်ချက်များအရ ထိုစရိတ် ကောက်ခံခြင်းသည် အကောင်းထက်အဆိုးကိုသာ ပိုမိုဖြစ်ပေါ်စေသည်ဟုသိရသည်။ ထို့ကြောင့် **C-SAFE** သည် ဒေသအာဏာပိုင်များ၊ ကျောင်းအုပ်ဆရာ/ဆရာမများနှင့် ညှိနှိုင်းပြီး စရိတ်ကောက်ခံမှုလျှော့ကျယ်အောင် (သို့မဟုတ်) စည်းကမ်းသတ်မှတ်ချက်များ ပိုမိုပျော့ပြောင်းလာအောင်လုပ်ဆောင်ခဲ့ပြီးတစ်ချိန်တည်းတွင် အလိုအပ်ဆုံးကျောင်းများအတွက် ရံပုံငွေရှာဖွေပေးခဲ့သည်။

ရင်းမြစ် - Consortium for Southern Agrica Food Security Emergency, September 2005.

## အပိုင်း(၆)

# နည်းလမ်းများ

### နည်းလမ်းများစာရင်း

**နည်းလမ်း-၁** သင်၏အေဂျင်စီကို မည်သို့စတင်မိတ်ဆက်မည်နည်း။

**နည်းလမ်း-၂** သင့်တွင်တာဝန်မည်မျှရှိသနည်း။ အများပြည်သူနှင့်ဆိုင်သော သတင်းအချက်အလက်များ စစ်ဆေးခြင်း။

**နည်းလမ်း-၃** စီမံချက်တစ်လျှောက်လုံး လူထုအားမည်သို့ပါဝင်စေမည်နည်း။

**နည်းလမ်း-၄** ဘေးအန္တရာယ်ခံရပ်ရွာ၏ကောက်ကြောင်းရုပ်ပုံလွှာကို မည်သို့ပြုစုပြီး ကနဦးလိုအပ်ချက်များကိုမည်သို့အကဲဖြတ်မည်နည်း။

**နည်းလမ်း-၅** တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုတစ်ခု မည်သို့ပြုလုပ်မည်နည်း။

**နည်းလမ်း-၆** **Focus Group** တစ်ခု မည်သို့ဆောင်ရွက်မည်နည်း။

**နည်းလမ်း-၇** စစ်တမ်းကောက်ယူခြင်းပြုမပြု မည်သို့ဆုံးဖြတ်မည်နည်း။

**နည်းလမ်း-၈** ကလေးသူငယ်အကာအကွယ်ပေးရေး လိုအပ်ချက်များကို မည်သို့အကဲဖြတ်မည်နည်း။

**နည်းလမ်း-၉** မည်သို့လေ့လာစောင့်ကြည့်မည်နည်း။

**နည်းလမ်း-၁၀** အခြေအနေပြကိန်းဂဏန်းစည်းဝေးပွဲတစ်ခု မည်သို့ပြုလုပ်မည်နည်း။

**နည်းလမ်း-၁၁** သင်ခန်းစာထုတ်ယူရေးစည်းဝေးပွဲတစ်ခု မည်သို့ပြုလုပ်မည်နည်း။

**နည်းလမ်း-၁၂** စောဒကနှင့်တုန့်ပြန်မှုယန္တရားတစ်ခု မည်သို့တည်ထောင်မည်နည်း။

**နည်းလမ်း-၁၃** နှုတ်စကားအစီရင်ခံခြင်း မည်သို့ပြုလုပ်မည်နည်း။

**နည်းလမ်း-၁၄** မည်သို့နှုတ်ဆက်ခွဲခွာမည်နည်း။

## ကောင်းမွန်ပြည့်စုံနည်းလမ်းများအသုံးပြုခြင်း

ပြည့်စုံကောင်းမွန်နည်းလမ်းကိုအသုံးပြုခြင်းဆိုသည်မှာ သင်အလုပ်လုပ်နေသောအခြေအနေတွင် လွယ်ကူလျင်မြန် အန္တရာယ်ကင်းပြီး အဓိကကျသောနည်းလမ်းများကို ရွေးချယ်ခြင်းဖြစ်ကြောင်း မမေ့ပါနှင့်။ ဤနည်းလမ်း များသည် ပုံသေသတ်မှတ်ထားပြီးမဟုတ်ပါ။ ၎င်းတို့ကို အကြံပြုခြင်းမျှသာဖြစ်ပြီး ပြဋ္ဌာန်းချက်မဟုတ်ပါ။ ၎င်းတို့အပြင် အခြားနည်းလမ်း မရှိတော့ဟု မဆိုလိုပါ။ နည်းလမ်းတစ်ခုကို သုံးမသုံး၊ မည်သည့်အချိန်တွင် သုံးမည်၊ လတ်တလော လုပ်ကိုင်နေသောကာလဒေသအတွက် မည်သို့ ပြုပြင်ပြောင်းလဲမည်တို့ကိုဆုံးဖြတ်ရာတွင် သင့်ကိုယ်ပိုင်အတွေ့အကြုံနှင့် အကဲဖြတ်ချက်ကို အသုံးပြုပါ။

နည်းလမ်းတစ်ခုပြည့်စုံကောင်းမွန်ခြင်းရှိမရှိ စမ်းသပ်ရာတွင် အထောက်အကူဖြစ်စေနိုင်သော မေးခွန်းများမှာ

- လုပ်ငန်းခါင်ဝန်ထမ်းနှင့် ဘေးအန္တရာယ်ခံလူထုကိုထိခိုက်စေခြင်းမရှိဘဲ နည်းလမ်းတစ်ခုကိုသုံးနိုင် မသုံးနိုင်။
- လက်ရှိအခြေအနေအချိန်အခါ၏ အဓိကလိုအပ်ချက်များနှင့် ကိုက်ညီခြင်းရှိမရှိ။
- လက်တွေ့ကျ မကျ။
- အသုံးပြုရန် ရင်းမြစ်-အချိန်၊ ဝန်ထမ်း၊ စေတနာ့ဝန်ထမ်းနှင့် ငွေကြေးရှိမရှိ။
- လက်ရှိအသုံးချနေသူများအတွက် အသုံးဝင်၊ မဝင်။
- လိုအပ်ချက်နှင့်ကိုက်ညီသော ရိုးရှင်းမှုရှိ မရှိ။
- အကျယ်အပြန့်လက်ခံထားသော လူ့သားချင်းစာနာမှုတန်ဖိုးများ စံနှုန်းများနှင့် လမ်းညွှန်များနှင့် လျော်ညီမှု ရှိ မရှိ။
- အနာဂါတ်အတွက် ပြည့်စုံကောင်းမွန်ခြင်းရှိ မရှိနှင့် မည်သည့်အချိန်တွင် ကိရိယာတစ်ခုအသုံးပြုမှုကို ပြန်လည်သုံးသပ်ရန်လိုသနည်း စသည့် မေးခွန်းများပင်ဖြစ်သည်။

## နည်းလမ်း-(၁)
## သင်၏အေဂျင်စီကိုမည်သို့စတင်မိတ်ဆက်မည်နည်း။
## သိထားရမည့် စစ်ဆေးရန်အချက်အလက်များ။

လုပ်ငန်းခွင်ဝန်ထမ်းများအနေဖြင့် အကူအညီရပိုင်ခွင့်ရှိသူများ၊ အစိုးရအရာရှိများနှင့် အခြားသူများက မေးမြန်းလာဖွယ်ရှိသော မေးခွန်းများကို ဖြေကြားနိုင်ရန် ဤအချက်များကို အသုံးပြုနိုင်သည်။ ဤနည်းလမ်းကို စီမံချက်အစတွင်(သို့) ဝန်ထမ်းသစ်များကို ရှင်းလင်းပြောကြားရာတွင် နည်းလမ်း (၁၁) နှင့် တွဲဖက်အသုံးပြုနိုင်သည်။

### ကျွန်ုပ်တို့မည်သူမည်ဝါနည်း။

၁။ **NGO** ဆိုသည်မှာ အဘယ်နည်း။
၂။ ကျွန်ုပ်တို့၏လုပ်ပိုင်ခွင့်မှာ မည်သည့်လုပ်ပိုင်ခွင့်နည်း။
၃။ ကျွန်ုပ်တို့အေဂျင်စီ ဤနေရာသို့မည်သည့်အတွက်ရောက်လာနည်း။
၄။ ကျွန်ုပ်တို့ငွေကြေးကိုမည်သည့်နေရာမှ ရရှိသနည်း။

### ကျွန်ုပ်တို့၏ရည်မှန်းချက်ပန်းတိုင်

၅။ ဘေးအန္တရာယ်ခံလူထု၏ အောက်ပါတို့နှင့်ပတ်သက်သောကိစ္စများအတွက် ကျွန်ုပ်တို့ ဘာလုပ်ပေးနိုင်သနည်း။
(က) ရေနှင့် သန့်ရှင်းရေး
(ခ) အမိုးအကာ
(ဂ) အသက်မွေးဝမ်းကြောင်း
(ဃ) လူထုကျန်းမာရေးမြှင့်တင်မှု
(င) အခြားစီမံချက်အမျိုးမျိုး

၆။ အခြားကိစ္စများထက် ဤကိစ္စကိုကျွန်တော်တို့မည်သည့်အတွက် ရွေးချယ်လိုက်ပါသနည်း။

### စီမံချက်နှင့်ရပ်ရွာအဝန်းအဝိုင်း

၇။ ကျွန်ုပ်တို့၏ စီမံချက်နယ်ပယ်ဧရိယာမှာ မည်သည်နည်း။
၈။ မည်သူတို့ဆုံးဖြတ်ခဲ့ပါသနည်း။
၉။ စီမံချက်လှုပ်ရှားမှုများဆုံးဖြတ်ရာတွင် မည်သူတို့ပါဝင်ခဲ့သနည်း။
၁၀။ စီမံချက်တစ်ခုလုံး၏အစီအစဉ် မည်သို့ဖြစ်သနည်း။
၁၁။ မည်မျှကြာမည်နည်း။
၁၂။ အကူအညီရပိုင်ခွင့်ရှိသူများမှ မည်သူနည်း။
၁၃။ အချို့သောသူများကို ရွေးချယ်ပြီးအခြားသူများကိုမည်သည့်အကြောင်းကြောင့် မရွေးချယ်ဘဲထားရသနည်း။

၁၄။ အကူအညီရပိုင်ခွင့်ရှိသူများသည် မည်သူတို့ဖြစ်သည်ကို ဆုံးဖြတ်ရာတွင် မည်သူတို့ပါဝင်ခဲ့ပါသနည်း။
၁၅။ စီမံချက်လုပ်ငန်း မည်သို့ဆောင်ရွက်မည်နည်း။ အကူအညီရပိုင်ခွင့်ရှိသူများ မည်သို့ပါဝင်မည်နည်း။
၁၆။ အကူအညီရပိုင်ခွင့်ရှိသူများ မည်သို့ပါဝင်အကျိုးပြုမည်နည်း။
၁၇။ ကျွန်ုပ်တို့ မည်သို့ပါဝင်အကျိုးပြုမည်နည်း။
၁၈။ ပစ္စည်းများကကျွန်ုပ်တို့ကို မည်သည့်အရာများကုန်ကျစေမည်နည်း။
၁၉။ ယခုလအတွက် တိုးတက်မှုမှာ မည်သည့်အရာဖြစ်သနည်း။ နောက်လအတွက် အစီအစဉ်မှာ မည်သို့ ဖြစ်သနည်း။
၂၀။ ပညာရှင်ဝန်ထမ်းများအတွက် ယခုလအတွင်း စိန်ခေါ်မှုအခက်အခဲမှာ မည်သည့်အရာများနည်း။
၂၁။ ထိုစိန်ခေါ်မှုအခက်အခဲများကို ကိုင်တွယ်ဖြေရှင်းရန် ပညာရှင်ဝန်ထမ်းများ မည်သည့်အရာကို လုပ်ဆောင်နေကြသနည်း။
၂၂။ အကူအညီရပိုင်ခွင့်ရှိသူများတိကျရေးသော မည်သည့်အရာများကို လက်ခံရရှိမည်နည်း။
၂၃။ မည်သည့်အချိန်တွင် ရရှိမည်နည်း။

## ပြဿနာများ၊ စောဒကတက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်း (နည်းလမ်း-၁၃ ကိုလည်းကြည့်ပါ။)

၂၄။ စီမံချက်တွင်တစ်စုံတစ်ရာမှားယွင်းသွားပါက လူထုအနေဖြင့် မည်သည့်အရာကို လုပ်ဆောင်နိုင်ပါသနည်း။
၂၅။ ကျွန်ုပ်တို့နှင့်အတူလုပ်ကိုင်နေသောရပ်ရွာလူထုဖြစ်စေ၊ လူထုအကြီးအကဲဖြစ်စေနှင့်ပြဿနာတစ်စုံတစ်ရာရှိပါက လူထုကမည်သည့်အရာကိုလုပ်နိုင်ပါသနည်း။
၂၆။ ကျွန်ုပ်တို့၏ဝန်ထမ်းတစ်ဦးဦး ပြဿနာရှိလျှင်(အဂတိလိုက်စားမှု၊ လိမ်လည်မှု၊ ဆိုးရွားသောအပြုအမူ) လူထုကမည်သည့်အရာကို လုပ်နိုင်ပါသနည်း။

## အခြားသောအဖွဲ့အစည်းများနှင့် အစိုးရ

၂၇။ စီမံချက်တည်နေရာတွင် အခြားမည်သည့် **NGO** များလုပ်ကိုင်နေပါသနည်း။
၂၈။ ထို **NGO** များ မည်သည့်အရာကိုလုပ်ဆောင်ပါသနည်း။
၂၉။ အစိုးရ၏မည်သည့်အကူအညီ ရနိုင်ပါသနည်း။ လူထုက ထိုအကူအညီကို မည်သို့ရယူပါသနည်း။
၃၀။ လူထုတွင် အခြားမည်သည့်ပြဿနာများရှိပါသနည်း။(ဥပမာအားဖြင့် ရွှေ့ပြောင်းခံရခြင်း၊ မြေရနိုင်မှုမရှိခြင်း၊ ပြဿနာများဖြေရှင်းရန် အစိုးရအရာရှိများနှင့် မတွေ့ဆုံနိုင်ခြင်း)

T Gorgonio ESifh A Miller (2005) သိထားရမည့်အချက်အလက်အရင်း Oxfam GB (Internal, Calapted)

## နည်းလမ်း (၂)

## သင့်တွင်တာဝန်မည်မျှရှိသနည်း။

## လူထုဆိုင်ရာသတင်းအချက်အလက်များ စစ်ဆေးခြင်း။

ထိုနည်းလမ်းသည် သင်၏အေဂျင်စီ၊ သင်၏စီမံချက်နှင့် ပတ်သက်သောအခြေခံအချက် အလက်များကို ဘေးအန္တရာယ်ခံလူထုသို့ ပံ့ပိုးပေးခြင်းရှိမရှိ စစ်ဆေးရာတွင် အထောက်အကူပြုနိုင်သည်။ မည်သည့်သတင်းအချက်အလက်များ လူထုရရှိထားသည့် မေးမြန်းခြင်းအားဖြင့် လူထုက သင့်အပေါ် မည်သို့မြင်သည်ကို စစ်ဆေးနိုင်ပြီး သင်သည် လူထုအား ၎င်းတို့လိုအပ်သော အချက်အလက်ကို အချိန်မှန်နည်းလမ်းမှန်ဖြင့် ပံ့ပိုးခြင်းရှိမရှိ စစ်ဆေးနိုင်သည်။

စီမံချက်အတွင်း အဆင့်အမျိုးမျိုး၌ ဤနည်းလမ်းကိုအသုံးပြုနိုင်သည်။ စီမံချက်အစတွင် သင်မည်သူမည်ဝါဖြစ်ပြီး သင်၏အေဂျင်စီမည်သည်တို့ကို လုပ်ဆောင်ပေးနိုင်သည်ကို ရှင်းပြရာတွင် အထောက်အကူဖြစ်စေနိုင်သည်။ (နည်းလမ်း-၁ကြည့်)။ ထူးခြားသောအပြောင်းအလဲများ ဖြစ်ပေါ်ပြီးနောက် (ဥပမာအားဖြင့် အစားအစာခွဲတမ်း ဖြတ်တောက်လိုက်လျှင်နှင့် စီမံချက်အပြီး ပြန်လည်ထွက်ခွာမှု ဗျူဟာအစိတ်အပိုင်းအဖြစ်လည်း သုံးနိုင်သည်။

### လုပ်ငန်းနှင့် အဖွဲ့ဝင်များအတွက်

အကူအညီရပိုင်ခွင့်ရှိသူများနှင့် ၎င်းတို့၏ကိုယ်စားလှယ်များအား အောက်တွင်ဖော်ပြမည့် စစ်ဆေးရန် အချက်အလက်များကို ၎င်းတို့သိမြင်နိုင်သောနည်းလမ်းဖြင့်ပေးပို့ပြီးပါပြီလား။

### ဘေးအန္တရာယ်ခံလူထုအတွက်

အောက်တွင်ဖော်ပြမည့်စစ်ဆေးရန်အချက်အလက်များကို စီမံချက်ဝန်ထမ်းထံမှ လက်ခံရရှိပြီးပါပြီလား။

**စစ်ဆေးရန်အချက်များ**

| **အခြေခံသတင်းအချက်အလက်** | ရ | မရ |
|---|---|---|
| ၁။ **NGO** ၏နောက်ခံအချက်အလက်<br>၂။ လက်ရှိစီမံချက်အသေးစိတ်များ<br>၃။ စီမံချက်ဆက်သွယ်မှုသတင်းအချက်အလက် | | |
| **စီမံချက်အကောင်အထည်ဖော်မှုအစီရင်ခံစာများ**<br>၄။ စီမံချက်လုပ်ဆောင်မှုပုံမှန်အစီရင်ခံစာ<br>၅။ ပုံမှန်ဘဏ္ဍာရေးရှင်းတမ်း<br>၆။ ထူးခြားသောစီမံချက်အပြောင်းအလဲသတင်း အချက်အလက် | | |
| **ပါဝင်ပတ်သက်ရန်အခွင့်အလမ်းများ**<br>၇။ အမိကပါဝင်ဆောင်ရွက်လုပ်ရှားမှုရက်စွဲနှင့် တည်နေရာ<br>၈။ ဝေဖန်အကြံပေးမှုပြုလုပ်ရန်တိကျသော ဆက်သွယ်မှု အသေးစိတ်<br>၉။ **NGO** ၏လှုပ်ရှားမှုများနှင့်ပတ်သက်၍ မည်သို့စောဒက တက်ရမည်ကို ဖော်ပြသောအသေးစိတ် | | |

A Jocob (2005) အကူအညီရပိုင်ခွင့်ရှိသူများအပေါ် တာဝန်ရှိမှု လက်တွေ့စစ်ဆေးရမည့် အချက်များ၊ မူကြမ်း Mango for Oxfam GB (မိုင်ငြမ်း)

# နည်းလမ်း (၃)
# စီမံချက်တစ်လျှောက်လုံးလူထုကိုမည်သို့ပါဝင်စေမည်နည်း။

ဤကိရိယာသည် စီမံချက်အဆင့်တိုင်းတွင် ဘေးအန္တရာယ်ခံလူထုသို့ အသိပေးခြင်း၊ တိုင်ပင်ခြင်း၊ ပါဝင်ပတ်သက်စေခြင်းနှင့် အစီရင်ခံခြင်းတို့နှင့် ပတ်သက် သောနည်းလမ်းများကို အကြံပြုတင်ပြသည်။ ဤနည်းလမ်းကို **Ache** ဒေသရှိ ကျေးရွာများတွင် အသုံးပြုရန် စတင်ဖော်ထုတ်ခဲ့သည်။ အခြားနေရာများတွင် လည်း မှီငြမ်းအသုံးပြုနိုင်သည်။

## အကဲဖြတ်မှုမတိုင်မီ

- အကဲဖြတ်ခြင်း၏ဦးတည်ချက်များကိုဆုံးဖြတ်ပြီး ရှင်းလင်းစွာဖော်ပြပါ။
- ဖြစ်နိုင်ပါက အကဲဖြတ်မှုမပြုလုပ်မီ ဒေသခံလူထုနှင့် အာဏာပိုင်များကို ပြည့်စုံစွာ အသိပေးပါ။
- စီမံချက်အဖွဲ့တွင် အမျိုးသားများနှင့် အမျိုးသမီးများပါ ပါဝင်ပါစေ။
- အကဲဖြတ်ကာလအတွင်းခွဲခြားသတ်မှတ်မည့် ထိခိုက်လွယ်အုပ်စုများကိုစာရင်းပြုစုပါ။
- အခြား **NGO** များ ထိုရပ်ရွာတွင်လုပ်ဆောင်ခဲ့သောအရာများကို စစ်ဆေးပြီး ၎င်းတို့၏ အစီရင်ခံစာများကိုရယူပါ။

## အကဲဖြတ်ကာလအတွင်း

- အဖွဲ့ဝင်များ၊ ၎င်းတို့၏အခန်းကဏ္ဍများကို မိတ်ဆက်ပေးပါ။
- အကဲဖြတ်မှုအချိန်အကန့်အသတ်ကိုရှင်းလင်းပြောကြားပါ။
- ဒေသခံလူထုကိုယ်စားလှယ်များပါဝင်ရန် ဖိတ်ခေါ်ပါ။
- တစ်ဦးချင်းအတွက်ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ လွတ်လပ်ပွင့်လင်းစွာ ပြောဆိုနိုင်သောနေရာ ဖန်တီးပေးပါ။
- အုပ်စုအမျိုးမျိုးနှင့် သီးခြားဆွေးနွေးပွဲများ၊ တွေ့ဆုံမေးမြန်းခြင်းများ ကျင်းပပေးပါ။ ဥပမာ- ဒေသအာဏာပိုင်များ၊ ရပ်ရွာအဖွဲ့များ၊ အမျိုးသားများ၊ အမျိုးသမီးများ၊ ဒေသခံဝန်ထမ်းများ။
- ထိုအုပ်စုများကို ၎င်းတို့၏လိုအပ်ချက်နှင့်ပတ်သက်သော ၎င်းတို့၏ထင်မြင်ချက် ဦးစားပေးအဆင့်များအကြောင်းမေးပါ။ ချမှတ်သောမည်သည့် ဆုံးဖြတ်ချက်မဆို ၎င်းတို့အား အသိပေးပါ။

မှတ်ချက်။ ။ ရပ်ရွာအတွင်းရှိ အုပ်စုအားလုံးနှင့် တစ်ချိန်တည်း တိုင်ပင်ဆွေးနွေးရန် မဖြစ်နိုင်လျှင် ဤတစ်ကြိမ်၌မည်သည့်အုပ်စုများကို ချန်လှပ်ခဲ့ရကြောင်း ရှင်းလင်းစွာဖော်ပြပြီး ထိုအုပ်စုများနှင့် အမြန်ဆုံးပြန်လည် တိုင်ပင်ဆွေးနွေးပါ။ တွေ့ရှိချက်များကို ရေးသားဖော်ပြီး သင်၏နည်းလမ်းနှင့် အကန့်အသတ်များကိုလည်း ဖော်ပြပါ။ ဤခွဲခြမ်းစိတ်ဖြာသုံးသပ်မှုကို အနာဂါတ်ဆုံးဖြတ်ချက် ချမှတ်ရာတွင် အသုံးပြုပါ။

## စီမံချက်ဒီဇိုင်းအဆင့်အတွင်း

- ဘေးအန္တရာယ်ခံလူထုကိုယ်စားလှယ်များနှင့် ကျေးရွာကော်မတီအပါအဝင် ဒေသအာဏာပိုင်များနှင့် ရပ်ရွာအား အကဲဖြတ်တွေ့ရှိချက်များပေးပါ။

- စီမံချက်ဒီဇိုင်းပြုလုပ်ရာတွင် ဒေသခံလူထုကိုယ်စားလှယ်ပါဝင်ရန် ဖိတ်ခေါ်ပါ။
- လူထုအားဆွေးနွေးရာယ်ခံလူထုအနေဖြင့် ရပိုင်ခွင့်များရှင်းလင်းပြောကြားပါ။
- စီမံချက်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးတွင် ကျေးရွာကော်မတီပါဝင်ရန် လုပ်ဆောင်ပေးပါ။
- အကူအညီရပိုင်ခွင့်ရှိသူအုပ်စုအမျိုးမျိုးနှင့် အထူးစီမံချက်ဒီဇိုင်းကိုစစ်ဆေးပါ။
- စောဒကတက်ခြင်းနှင့် တုန့်ပြန်မှုယန္တရားတစ်ရပ်ဒီဇိုင်းပြုလုပ်ပါ။

## စီမံချက်အကောင်အထည်ဖော်ကာလအတွင်း

- အကူအညီရပိုင်ခွင့်ရှိသူ စံနှုန်းသတ်မှတ်ချက်များဖော်ထုတ်သတ်မှတ်ရာတွင် ရပ်ရွာ၊ ကျေးရွာကော်မတီနှင့် ဒေသအာဏာပိုင်များပါဝင်ရန် ဖိတ်ခေါ်ပါ။
- ထိုစံနှုန်းသတ်မှတ်ချက်များကို ကြေညာပြီး အများပြည်သူဆိုင်ရာနေရာများတွင်ပြသထားပါ။
- အကူအညီရပိုင်ခွင့်ရှိသူများရွေးချယ်ရာတွင် ရပ်ရွာနှင့်ကျေးရွာကော်မတီပါဝင်ရန် ဖိတ်ခေါ်ပါ။
- အကူအညီရပိုင်ခွင့်ရှိသူများစာရင်းကို ကြေညာပြီး အများပြည်သူဆိုင်ရာ နေရာတွင် စာရင်းကပ်ထားပါ။
- စောဒကတက်ခြင်းနှင့်တုန့်ပြန်မှုယန္တရားများကိုကြေညာပြီး အကူအညီရပိုင်ခွင့်ရှိသူများစောဒကတက် ရန်နေရာများကို ကြေညာပါ။

## ဖြန့်ဝေမှုကာလအတွင်း

- ဖြန့်ဝေရန်ဝန်ထမ်းထပ်မံခေါ်ယူပါက လူသိရှင်ကြားကြော်ငြာပါ။ ဥပမာ-သတင်းစာ
- ကျေးရွာကော်မတီ၊ အစိုးရအရာရှိများ၊ **NGO** ဝန်ထမ်းများပါဝင်သော ခွဲဝေရေးကော်မတီဖွဲ့စည်းပါ။
- ဖြန့်ဝေရာတွင် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် အခြားဆင်းရဲသော သို့မဟုတ် စည်းခြားခံအုပ်စုများအား မည်သို့ထည့်သွင်းမည်ကို စဉ်းစားသုံးသပ်ပါ။
- လုံခြုံရေးအခြေအနေခွင့်ပြုလျှင် ခွဲဝေမည့်နေရာနှင့်ရက်စွဲကို ဒေသအာဏာပိုင်ခွင့်ရပ်ရွာသို့ကြိုတင်ပေးပို့ပါ။
- ပေးဝေမည့်ပစ္စည်းနှင့် ၎င်းတို့၏တန်ဖိုးကိုစာရင်းပြုစုပြီး ထိုစာရင်းကိုအများပြည်သူဆိုင်ရာနေရာတွင် ကြိုတင်ပြသထားပါ။
- ကျေးရွာ သို့မဟုတ် ပေးဝေမည့်နေရာမှ ဝေးကွာစွာနေထိုင်သောလူထုအား ထည့်သွင်းပေးဝေနိုင်ရန် ၎င်းတို့အား သွားလာသယ်ယူမှုစရိတ်ပေးရန် စဉ်းစားသုံးသပ်ပါ။
- ကိုယ်ဝန်ဆောင်ကဲ့သို့သော ထိခိုက်လွယ်လူထုအား ထည့်သွင်းပေးဝေနိုင်ရန် ၎င်းတို့အား ပထမဦးစားပေး ပေးဝေပါ။
- စောဒကတက်ခြင်းကို မည်သို့လုပ်ဆောင်ရမည်ကို လူထုသိအောင်လုပ်ဆောင်ပါ။

## စောင့်ကြည့်ကွက်ကွပ်ကဲမှုကာလ

- စောင့်ကြည့်ကွက်ကဲမှုဖြစ်စဉ်တွင် ကျေးရွာကော်မတီပါဝင်ရန် ဖိတ်ခေါ်ပါ။
- တွေ့ရှိချက်များကို ကျေးရွာကော်မတီရပ်ရွာနှင့် မျှဝေပါ။

S Phoenk (2005) "လူသားချင်းစာနာမှုတာဝန်ယူမှုလက်တွေ့လမ်းညွှန်" Oxfam GB Cambrdia (Internal, Adrpted)

## နည်းလမ်း (၄)
## ဘေးအန္တရာယ်ကျရောက်သောရပ်ရွာဒေသသို့ သတင်းအချက်အလက်ပြုစုရေးဆွဲပြီး ကနဦးလိုအပ်ချက်များ မည်သို့အကဲဖြတ်မည်နည်း

ဤနည်းလမ်းသည် ဘေးအန္တရာယ်ခံရပ်ရွာ၏ကောက်ကြောင်းပုံဖော်ရာတွင် အထောက်အကူပြုနိုင်သည်။ ၎င်းကို နည်းလမ်း-၅၊ နည်းလမ်း-၆တို့နှင့်လည်း တွဲဖက်သုံးနိုင်ပြီး အနေအထားပြောင်းလဲလျှင် ထပ်မံပြုလုပ်နိုင်သည်။

### မေးခွန်းလွှာအကြံပြုချက်

၁။ ဘေးအန္တရာယ်ဒဏ်ခံအုပ်စုများ၏နောက်ခံအကြောင်းသည် မည်သို့ရှိသနည်း။ သူတို့သည် မြို့ပြနောက်ခံ သို့မဟုတ် ကျေးလက်နောက်ခံဖြစ်ပါသည်။

၂။ ဘေးအန္တရာယ်ကျရောက်သော ခန့်မှန်းခြေလူဦးရေမည်မျှရှိပြီး ၎င်းတို့၏ အုပ်စုကွဲပြားမှုလက္ခဏာမှာ မည်သို့နည်း။ လိင်အရကွဲပြားမှု အသက်(၅)နှစ်အောက်ကလေး စသည်ဖြင့် ခွဲခြားပြသမှုပါဝင်ပါစေ။ (၅)နှစ်မှ (၁၄)နှစ်ကြား၊ ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်၊ အသက်(၆၀)ကျော်သူ စသည်ဖြင့် အချက်အလက်ရလျှင် ခွဲခြားထည့်သွင်းပါ။

၃။ ဤလူထုလူဦးရေအတွက် စည်းခြားခံ/ခွဲခြားခံလူထုမှာ မည်သူတို့နည်း။ (ဥပမာ-အမျိုးသမီးဦးစီးသော အိမ်ထောင်စုများ၊ အဖော်ကင်းမဲ့ကလေးငယ်များ၊ မသန်စွမ်းသူများ၊ လူမမာ၊ သက်ကြီးရွယ်အို၊ လူနည်းစု လူမျိုးစု စသည်) ၎င်းတို့တွင်ထူးခြားသောလိုအပ်ချက်ရှိပါသလား။ လက်ရှိ ဘေးအန္တရာယ်အကျပ်အတည်းက ၎င်းတို့အား မည်သို့ထိခိုက်စေပါသနည်း။

၄။ လူထုအတွင်း မိသားစု၊ လူမျိုးစု၊ ဘာသာရေးနှင့် အခြားသောအုပ်စု ခွဲခြားမှုရှိပါသလား။ ၎င်းတို့အနက် အုပ်စုတစ်ခုခုအား ဆက်သွယ်ချဉ်းကပ်ရန် ခက်ခဲပါသလား။

၅။ ဆက်သွယ်တိုင်ပင်ရမည့်အဓိကလူထုမှာ မည်သူနည်း။ လူထုကိုဦးဆောင်နေသော ရပ်မိရပ်ဖ၊ ရပ်ရွာအဖွဲ့ဝင် များရှိပါသလား။ ဘုရားကျောင်း၊ ဗလီ သို့မဟုတ် **NGO** များကဲ့သို့သော ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်နိုင်သည့် ကျွမ်းကျင်မှုရှိသော အဖွဲ့အစည်းများရှိပါသလား။

၆။ ကျန်းမာရေးနှင့် တိုက်ခိုက်မှုကာကွယ်ရေးတို့အရ ဘေးအန္တရာယ်ကျရောက်နေသောလူထု အုပ်စုအမျိုးမျိုးတို့ ရင်ဆိုင်ရမည့် အကြီးမားဆုံးအန္တရာယ်မှာ မည်သည့်အရာနည်း။ မည်သည့်အေဂျင်စီက ထိုကိစ္စကို ကိုင်တွယ် ဖြေရှင်းနေသနည်း။

**အမျိုးသမီးတွေ ဘေးအန္တရာယ်ဘယ်လိုကြုံတွေ့ရသလဲ။**
**သူတို့မှာ သီးခြားလိုအပ်ချက်ရှိသလား။**

ဂူဂျာရတ်ပြည်နယ်တွင် အစောပိုင်းဆင့်များက ကျွန်ုပ်တို့၏ အကူအညီပေးဝေရေးအဖွဲ့တွင် အမျိုးသားများသာ ပါဝင်ခဲ့သည်။ **SPHERE** လမ်းညွှန်က လျောင်ဒဏ်ခံရပ်ရွာသို့ အမျိုးသမီးများသာ ပါဝင်သော အဖွဲ့များ စေလွှတ်ပြီး အမျိုးသမီးများနှင့်ဆွေးနွေးရန် လှုံ့ဆော်လျက်ရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အမျိုးသမီး တစ်ကိုယ်ရည်ကျန်းမာရေးပစ္စည်းသေတ္တာများ ထုတ်လုပ်ပြီး သေတ္တာ (၂၃၀၀၀)ခန့်အတွက် ရံပုံငွေရရှိခဲ့သည်။

သီရိလင်္ကာအရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများသည် လိင်ကွဲပြားမှုကို မသိမြင်ခဲ့ကြ။ အမျိုးသမီးများ တစ်ကိုယ်ရည် ကျန်းမာရေးလိုအပ်ချက်၊ အတွင်းခံနှင့် ယဉ်ကျေးမှုအရသင့်တော်သော အဝတ်အစားများကို အဖွဲ့အစည်းအနည်းငယ်မှုကသာ ထည့်သွင်းစဉ်းစားခဲ့သည်။ ကိုယ်ဝန်ဆောင် သို့မဟုတ် နို့တိုက်မိခင်များ၏ လိုအပ်ချက်များကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိခဲ့ပေ။

ရင်းမြစ် - Srodocki (2001), IFRC (2005)

Oxfam မှ (ရက်စွဲမပါ) "နောက်ခံအချက်အလက်ဘေးအန္တရာယ်တွင် အလျင်အမြန်အကဲဖြတ်ခြင်းအတွက် စစ်ဆေးရမည့်အချက်များ" (မိုဂြမ်း) IFRC (2000) "ဘေးအန္တရာယ်အတွက် ကြိုတင် ပြင်ဆင်မှုလေ့ကျင့်ရေးလက်စွဲ" (မိုဂြမ်း) IFRC (2005) ကမ္ဘာ့ဘေးအန္တရာယ်အစီရင်ခံစာ ၂၀၀၅ (မိုဂြမ်း) J Srodecki (2001) ကြီးမား ဘေးအန္တရာယ်များတွင် Sphere စံနှုန်းများကို World Vision ကအသုံးပြု- ၂၀၀၁ နှေဦးရာသီ ဂူဂျာရတ် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းလေ့လာချက်" World Vision (Internal, မိုဂြမ်း)

## နည်းလမ်း (၅)
## တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှု မည်သို့ပြုလုပ်မည်နည်း။

တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုများကို အကဲဖြတ်ခြင်း သို့မဟုတ် စစ်တမ်းကောက်ယူခြင်းများတွင်အသုံးပြုနိုင်သည်။ တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုဆိုသည်မှာ အလွတ်သဘောသွားရောက်စဉ်အတွင်း (၁၀)မိနစ်မျှ အပြန်အလှန်စကားပြောဆိုခြင်းဟု အဓိပ္ပါယ်ရသကဲ့သို့ အကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ မေးခွန်းအများအပြား မေးမြန်းသော ပိုမိုရှည်ကြာတည်ဆောက်ထားသော ဆွေးနွေးမှုလည်း ဖြစ်နိုင်သည်။ မည်သို့ပင် တွေ့ဆုံမေးမြန်းရာတွင် အဓိကအချက်အလက်ကို ဗဟိုပြုပြီးလတ်တလောကိစ္စကို ရည်ရွယ်တည်ဆောက်ပါ။ ဥပမာအားဖြင့်ဆိုရလျှင် သတင်းအချက်အလက်ပြုစုရေးနှင့် လိုအပ်ချက်အကဲဖြတ်ခြင်း။ အပြောင်းအလဲကို စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်း သို့မဟုတ် တုန့်ပြန်မှုဖော်ထုတ်ခြင်း။

တွေ့ဆုံမေးမြန်းခံရသူနှင့် ဝန်ထမ်းနှစ်ဦးနှစ်ဘက်စလုံးအတွက် အဆင်ပြေသောအချိန်တွင် တွေ့ဆုံမေးမြန်းမှုပြုလုပ်ရန် ရည်ရွယ်ကင်းပြီး အဆင်ပြေသောအချိန်တွင် တွေ့ဆုံမေးမြန်းမှုပြုလုပ်ရန် ရည်ရွယ်ဆောင်ရွက်ပါ။ တွေ့ဆုံမေးမြန်းခံရသူဘက်က ပေးနိုင်သောအချိန်ပမာဏကို သင်၏တွေ့ဆုံမေးမြန်းချိန်ပမာဏကို သတ်မှတ်သင့်သည်။ သင်က ၎င်းတို့အားမည်သည့်အတွက် တွေ့ဆုံမေးမြန်းလိုသည်။ ရရှိသောအချက်အလက်များကိုမည်သို့အသုံးပြုမည်ကို လူထု နားလည်အောင်လုပ်ဆောင်ပါ။ တွေ့ဆုံမေးမြန်းခံရသူကိုယ်တိုင် သို့မဟုတ် ၎င်း၏အုပ်ထိန်းသူက ခွင့်ပြုချက်အတိအလင်းမပေးထားလျှင် မေးမြန်းခံရသူ၏အမည်ကို ထည့်သွင်းအသုံးမပြုပါနှင့်။

အစပိုင်းတွင် အချက်အလက်သဘောဆန်ပြီး၊ နိုင်းယှဉ်ချက်အားဖြင့် ရိုးရှင်းစွာ ဖြေဆိုနိုင်သော မေးခွန်းမျိုးကို မေးပါ။ အခြေအနေအရ လိုအပ်လျှင် တွေ့ဆုံမေးမြန်း ခံရသူဘက်က အဆင်ပြေမှသာ ပိုမိုအရေးပါသောကိစ္စများကို တစ်ဆင့်တက်မေးပါ။

၎င်းတို့၏အချိန်နှင့် ပူးပေါင်းပါဝင်မှုကို သင်တန်ဖိုးထားကြောင်း လူထုသိပါစေ။ တွေ့ဆုံမေးမြန်းမှုကို တုံးတိရပ်မပစ်ပါနှင့်။ အရေးပါသောကိစ္စများကို ဆွေးနွေးပါက တွေ့ဆုံမေးမြန်းခံရသူအပေါ် ရိုက်ခတ်မှုရှိလျှင် တာဝန်ယူပေးပါ။

မှတ်တမ်းတင်ပါ၊ သိုမှီးပါ၊ အချက်အလက်ကိုအန္တရာယ်ကင်းစွာအသုံးပြုပါ။

## တွေ့ဆုံမေးမြန်းရာတွင်   လုပ်ဆောင်ရန်အချက်အချို့

- စကားပြန်ကောင်းတစ်ယောက်ရှိပါစေ။
- ရပ်မိရပ်ဖ၊ ခေါင်းဆောင်များကိုဦးစွာရှာဖွေပါ။ သင်မည်သူဖြစ်သည် မည်သည့်ကိစ္စဆောင်ရွက်နေသည်ကိုရှင်းပြပြီး တွေ့ဆုံမေးမြန်းရန် ၎င်းတို့ထံမှ ခွင့်ပြုချက်တောင်းပါ။
- ကာယကံရှင်၏ခွင့်ပြုချက်တောင်းပါ။ ဥပမာ - "ဒီမှာဖြစ်နေတဲ့ အခြေအနေနဲ့ပတ်သက်ပြီး မေးခွန်းနည်းနည်း မေးလို့ရမလား" တွေ့ဆုံမေးမြန်းပြီး ကျေးဇူးစကားဆိုပါ။
- အမျိုးသမီးများ၊ ကလေးများနှင့် အခြားသောအခက်အခဲကြုံတွေ့ရဖွယ်ရှိသူများနှင့်ဆွေးနွေးရန် ဦးစားပေး ကြိုးစားပါ။
- ရရှိသောအချက်အလက်များကို ပြန်လှန်စစ်ဆေးနိုင်ရန် နေရာဒေသတစ်ခုတွင် အနည်းဆုံးမိသားစုသုံးစုခန့်ကို တွေ့ဆုံမေးမြန်းပါ။
- သို့ရောက်နေသော သို့မဟုတ် ဆင်းရဲသောမိသားစုများ ရှိနေတတ်သောနေရာဖြစ်သည့် စခန်း၏အစွန်းမှ လူထုများ တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်ပါစေ။
- တွေ့ဆုံမေးမြန်းခံရသူများနှင့် တွေ့ဆုံမေးမြန်းသူများကို ခြောက်လှန့်တတ်သည့် သဘောရှိသော သင့်နောက်မှလူအုပ်စုပွဲလိုက်ပါခြင်းကို ဖြစ်နိုင်ပါက ရှောင်ရှားပါ။

S Burn ESifh S Cupitt (2003) "ရလဒ်စီမံခန့်ခွဲခြင်း၊ အိုးအိမ်မဲ့ခြင်း အဖွဲ့အစည်းများအတွက် လမ်းညွှန်" Charities Evaluation Services (ဗိုင်္ဂလန်) R Schofield, Medair (Internal, ဗိုင်္ဂလန်)

## နည်းလမ်း (၆)

# Focus Group တစ်ခုမည်သို့ဆောင်ရွက်မည်နည်း။

ဖြစ်နိုင်လျှင် **Focus Group** အနည်းငယ်လုပ်ဆောင်ပြီး ရရှိလာသော သတင်းအချက်အလက်များကို အောက်ပါရင်းမြစ်များ၊ အခြားရင်းမြစ်များနှင့် နှိုင်းယှဉ်ပါ။

## Focus Group ဆိုသည်မှာ

တိကျသောအကြောင်းအရာဦးတည်ချက်တစ်ခုကို အသေးစိတ်ဆွေးနွေးရန်လူ (၆)ဦးမှ (၁၂) ဦးအထိ ဖိတ်ခေါ်ပါ။

တစ်စုံတစ်ရာအားဖြင့် တူညီမှုရှိသောလူများဖြင့် **Focus Group** ကိုဖွဲ့စည်းနိုင်သည်။ ၎င်းတို့သည် ပြဿနာတစ်ရပ်နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်နိုင်ကြလိမ့်မည် (သို့) ပိုမိုကြီးမားသော အစည်းအဝေးများတွင် ပြောဆိုနိုင်ခြင်း မရှိသူများလည်း ဖြစ်နိုင်သည်။ (ဥပမာ-ငယ်ရွယ်သူများ၊ အမျိုးသမီးများ၊ လူနည်းစု လူမျိုးစုများ သို့မဟုတ် အတည်တကျမရှိ လှည့်ပတ်သွားလာနေသူများကဲ့သို့ ရပ်ရွာနှင့်ကင်းကွာသူများ ဝေးကွာသူများ၊ ခေါင်းဆောင် (သို့မဟုတ်) အာဏာရှိသူများ၏ ကွယ်ရာတွင် ဖြစ်လျှင် အကောင်းဆုံးဖြစ်သည်။ ၎င်းတို့ကိုသီးခြားတွေ့ဆုံမေးမြန်းပါ။

## လူ(၆)ယောက်မှ (၁၂)အထိသာစုစည်းရခြင်းသည် မည်သည့်အတွက်ကြောင့်နည်း။

ပိုမိုကြီးမားသောအုပ်စုတစ်စုတွင်-

- စကားပြောချိန်အကန့်အသတ်ဖြင့်သာရရှိပြီး သူတစ်ပါးအပေါ်လွှမ်းမိုးနိုင်သူများ စကားပိုပြောလိမ့်မည်။
- စီစဉ်ဆောင်ရွက်သူသည် ထိန်းချုပ်သောအခန်းကဏ္ဍမှ ပါဝင်ရလိမ့်မည်။
- စကားပြောခွင့်မရလျှင် အချို့သောအဖွဲ့ဝင်များ စိတ်အနှောင့်အယှက်ဖြစ်လာမည်။
- ပါဝင်ဆွေးနွေးသူများသည် အုပ်စုတစ်ခုလုံးအနေဖြင့်မဟုတ်ဘဲ တစ်ယောက်နှင့်တစ်ယောက် ပြောဆိုမှု ပိုမိုများလာနိုင်သည်။
- အကြောင်းအရာတစ်ခုကို ဦးစားပေးဆွေးနွေးခြင်းမပြုဘဲ အခြားကိစ္စများအကြောင်း ပြောဆိုလာနိုင်သည်။

## သင်ဘာလိုပါသလဲ။

- အတွေ့အကြုံရှိစီစဉ်သူတစ်ဦး - ဦးဆောင်နိုင်သော ပြောဆိုဆွေးနွေးမှုမရှိသူများကို ဆွဲထုတ်ပြောဆိုစေပြီး စကားအလွန်အကျွံပြောဆိုသူများကို ရပ်တန့်စေနိုင်သော ဒေသခံစကားပြောဆိုသူ။
- လမ်းဖွင့်ပေးသောမေးခွန်းများပြင်ဆင်ရန်နှင့် **Focus Group** အဖွဲ့ဝင်များ ရွေးချယ်ရန်အချိန်
- ပြောဆိုဆွေးနွေးချက်များမှတ်သားရန် လူတစ်ဦး၊ တစ်ခါတစ်ရံနှစ်ဦး။
- တူညီသောဘာသာစကား။
- အုပ်စု၏ဆွေးနွေးချက်များကို အခြားသူများမကြားစေရန် သို့မဟုတ် ဆွေးနွေးချက်များ ကြားဖြတ်ဟန့်တား မခံရစေရန် တိတ်ဆိတ်သောနေရာတစ်ခု။
- သက်တောင့်သက်သာ ဝိုင်းထိုင်ရန်။
- ဆွေးနွေးပွဲ၏ဦးတည်ချက်နှင့်ပတ်သက်သော သဘောတူညီမှုများနှင့် တူညီသော နားလည်မှု။
- အခြေခံစည်းမျဉ်းများ။ ဥပမာ-လူတိုင်းတွင် စကားပြောဆိုခွင့်ရှိသည်။ မည်သူ့ အမြင်မှန်ကို မပိုင်ဆိုင်နိုင်၊ ကျေးဇူးပြု၍ ကြားဖြတ်ပြောဆိုခြင်းမပြုပါနှင့်။
- မှတ်တမ်းတင်ရန် သို့မဟုတ် အသံသွင်းယူရန် အုပ်စုထံမှခွင့်ပြုချက်
- အချိန်တစ်နာရီမှ တစ်နာရီခွဲအထိနှင့် စားသောက်စရာအချို့

## မည်သည့်အရာများဖြစ်မည်နည်း။

- လူတိုင်းစကားပြောခွင့်ရရန်နှင့် ဆွေးနွေးချက်များဦးတည်ချက်နှင့် ကိုက်ညီစေရန် စီစဉ်သူကဆောင်ရွက်ပါ။
- မှတ်တမ်းရေးသားသူ မှတ်တမ်းရေးသားပါ။
- ဆွေးနွေးပွဲအပြီးတွင် စီစဉ်သူက ပြောဆိုဆွေးနွေးချက်များကို အနှစ်ချုပ်ပြောကြားပေးပါ။ ဖြည့်စွက်ဆွေးနွေးရန် ရှိမရှိမေးမြန်းပါ။
- အဓိကအချက်များ မှတ်တမ်းရေးသားထားခြင်းရှိမရှိ စီစဉ်သူက စစ်ဆေးပါ။ ပါဝင်ဆွေးနွေးသူများ၏ ပါဝင်ပတ်သက်မှုအဆင့်ကို မှတ်တမ်းတွင်ထင်ဟတ်ထားခြင်း ရှိမရှိ စစ်ဆေးပါ။

VM Walden (ရက်စွဲမပါ) Focus Group Discussion Oxfam (Internal, မိုဘြွမ်း), L Gosling နှင့် M Edwards (2003) Toolkit - စီမံခြင်း၊ စောင့်ကြည့်ကွပ်ကဲခြင်း၊ အကဲဖြတ်ခြင်းနှင့် ထိရောက်မှု တိုင်းတာခြင်း" Save the Children, USAID (1996) လုပ်ဆောင်မှုစောင့်ကြည့်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာအချက်များ No.10 USAID Centre for Development Information and Evaluation (မိုဘြွမ်း)

## နည်းလမ်း (၇)
## စစ်တမ်းကောက်ယူမှုလုပ်မလုပ်မည်သို့ဆုံးဖြတ်မည်နည်း။

စီမံချက်မတိုင်မီအတွင်းနှင့် ပြီးဆုံးပြီးနောက် လူအများအပြားထံမှ သတင်းအချက်အလက် ကောက်ယူရန် အတွက် စစ်တမ်းကောက်ယူနိုင်သည်။ စစ်တမ်းကောက်ယူခြင်းသည် အသုံးဝင်သောကိရိယာ ဖြစ်သည်။ သို့သော် လက်တွေ့တွင် ရှုပ်ထွေးပြီး ရင်းမြစ်များစွာအသုံးပြုရန်လိုအပ်သည်။ စစ်တမ်းတစ်ခုကောက်ယူရန် အသင့်ဖြစ်မဖြစ် ဆုံးဖြတ်ခြင်းမပြုမီ အချို့ကိုစဉ်းစားသုံးသပ်ရမည်။

### စစ်တမ်း - ကောင်းကျိုးဆိုးကျိုးအချို့

| ကောင်းကျိုး | ဆိုးကျိုး |
|---|---|
| လူအများနှင့်ပတ်သက်၍ တိကျသော သတင်းအချက်အလက်များကို အချိန်တို အတွင်းပံ့ပိုးပေးနိုင်သည်။ | လူတစ်ဦးချင်းအတွက် အချိန်အနည်းငယ်သာပေးနိုင်သည်။ ထို့ကြောင့် သင်ရရှိသော သတင်းအချက်အလက်သည် အကန့်အသတ်ရှိသည်။<br>ကောက်ယူရရှိသောသတင်းအချက်အလက်အားလုံးကိုခွဲခြမ်းစိတ်ဖြာ အသုံးပြုရန် အချိန်လိုအပ်သည်။ |
| လူအချို့ထံမှရရှိသောသတင်းအချက်အလက်များကို လူအားလုံးအတွက် စီမံရာတွင်သုံးနိုင်သည်။ | ရွေးချယ်ထားသောသူများသည်ဆက်သွယ်ရ လွယ်ကူ(သို့) ပူးပေါင်းဆောင်ရွက်ရန်လိုလားသူများဖြစ်သော်လည်း လူထုအားကိုယ်စားပြုသူများဖြစ်သည်ဟု မယူဆနိုင်။ |
| ရလဒ်များကို မှီခိုအားထားနိုင်စွာ နှိုင်းယှဉ်ရန်အတွက်သတင်းအချက်ကောက်ယူသော ပုံစံနှင့် နည်းလမ်း များစံနှုန်းကိုက်ညီမှုရှိရမည်။(ဥပမာ-ကိရိယာ(၈)ကြည့်) | ဤနည်းလမ်းများသည် အပေါ်ယံသတင်းအချက်အလက်ကိုသာရယူ နိုင်ဖွယ်ရှိသည်။ တွေ့ဆုံမေးမြန်းခံရသူသည် သင်ကြားလိုသည်ဟုယူဆသော အဖြေမျိုးကို ပေးချင်ဖွယ်ရှိသည်။ |
| မည်သည့်သတင်းအချက်အလက်ကိုမည်သူ့ထံမှ မည်သည့်အချိန်တွင် မည်သို့ရယူမည်ကိုဆုံးဖြတ်နိုင်ရန်ဂရုတစ်စိုက်ကြိုတင်သုံးသပ်ရန်လိုအပ်သည်။ | အချိန်ရရှိမှုနည်းနိုင်ဖွယ်ရှိသည်။ လူထု ၏ ဘဝရှင်သန်မှုလမ်းကြောင်းကိုအပြည့်အဝနားမလည်ပါက ထိုသူများထံမှရရှိသော သတင်းအချက်အလက်ကို မှားယွင်း နားလည်မှုဖြစ်နိုင်သည်။ |
| အခကြေးငွေပေးရန်မလိုသော စေတနာ့ဝန်ထမ်းများအသုံးပြုလျှင် သတင်းအချက်အလက်အများအပြားကို ကုန်ကျစရိတ်သက်သာစွာရနိုင်သည် | ဝန်ထမ်းစားစရိတ်နှင့် အကျိုးဝင်သည့်နယ်ပယ်ကျယ်ပြန့်မှုကြောင့် ကျယ်ပြန့်သော စစ်တမ်းကောက်ယူမှုတစ်ခုသည် ကွပ်ကဲရန်ခက်ခဲပြီးတတ်သည်။ |

Partners in Evaluation မှ - Efvaluating Development and Community Programmes with Participants Marie - Therese Fenerstein 1986. Macmillan Publisers Ltd. ၏ ခွင့်ပြုချက်ဖြင့်ဖော်ပြသည်။

## နည်းလမ်း (၈)

### ကလေးသူငယ်ကာကွယ်ရေးလိုအပ်ချက်များကိုမည်သို့အကဲဖြတ်မည်နည်း။

ဤအခြေခံစစ်ဆေးရန် အချက်အလက်များကို သင်အလုပ်လုပ်သော၊ အလုပ်လုပ်ရန် ကြံစည်သော နယ်ပယ်အမျိုးမျိုးတွင်အသုံးပြုနိုင်သည်။ အခြားသော ထိခိုက်လွယ်အုပ်စုများအား အကာအကွယ်ပေးရေး လိုအပ်ချက်များ အကဲဖြတ်ရာတွင်လည်း မိုငြမ်းအသုံးပြုနိုင်သည်။ စာမျက်နှာ (၅၉)နှင့်(၆၂)တွင် အခြားသောရင်းမြစ်များနှင့် စစ်ဆေးရန် အချက်များကို ကြည့်နိုင်သည်။

၁။ ကလေးသူငယ်များနှင့်ပတ်သက်သော အောက်ပါအစီရင်ခံထားသော ဖြစ်ရပ်များ ရှိပါသလား။
- ဤဒေသအနေရာယ်အတွင်းသေဆုံးခြင်း။
- ဒဏ်ရာရရှိခြင်း။
- ပျောက်ဆုံးခြင်း။

၂။ အောက်ပါတို့ရရှိခြင်းမရှိသောကလေးသူငယ်အုပ်စုများရှိပါသလား။
- အစားအစာ
- ရေ
- အမိုးအကာ
- ကျန်းမာရေးစောင့်ရှောက်မှု
- ပညာရေး

၃။ ဤဖြစ်ရပ်အားလုံးကိုအစီရင်ခံပြီးခြင်းရှိပါသလား။ မည်သည့်အဖွဲ့အစည်းသို့ အစီရင်ခံပါသနည်း။

၄။ အောက်ပါဖြစ်ရပ်များအစီရင်ခံထားခြင်းရှိပါသလား။
- ကွဲကွာသွားသောကလေးသူငယ်
- ကလေးပျောက်ဆုံးနေသောမိသားစုများ
- ဘေးကင်းရာသို့ပို့ဆောင်ထားခြင်းခံရသောကလေးသူငယ်များ

၅။ မိသားစုများယေဘုယျအားဖြင့် အုပ်စုလိုက်ရွှေ့ပြောင်းနေပါသလား။

၆။ လူကြီးမပါဘဲကလေးသူငယ်များ ဆက်လက်နေထိုင်သောကလေးသူငယ်အုပ်စု ရှိပါသလား။ထိုအုပ်စုများတွင် (၅)နှစ်အောက်ကလေးသူငယ်များပါရှိပါသလား။

၇။ ကလေးငယ်အများအပြား ပါဝင်သောအုပ်စုကိုစောင့်ရှောက်ရန် တာဝန်ယူထားသော အရွယ်ရောက်ပြီးသူများ ရှိပါသလား။

၈။ ကွဲကွာသွားသောကလေးသူငယ်များအား စောင့်ရှောက်သောအဖွဲ့အစည်းများကို စာရင်းပြုစုပါ။

၉။ အထက်တွင်ဖော်ပြထားခြင်းမရှိသော မိန်းကလေးများအတွက်အရေးကြီးသော ကာကွယ်စောင့်ရှောက်ရန် အခြားကိစ္စများရှိပါသလား။

၁၀။ အထက်တွင်ဖော်ပြထားခြင်းမရှိသေးသော ယောက်ျားကလေးများအတွက် အရေးကြီးသော ကာကွယ်စောင့်ရှောက်ရန်အခြားကိစ္စများရှိပါသလား။

၁၁။ ဒေသအတွင်းကလေးသူငယ်ကာကွယ်ပေးရေးကိစ္စများကို မည်သည့်အဖွဲ့အစည်းများ လုပ်ဆောင်နေပါသနည်း။

World Vision(ရက်စွဲမပါ)သဘာဝဘေးအန္တရာယ်အခြေအနေတွင် လျှင်မြန်သော ကလေးသူငယ်ကာကွယ်ပေးရေးအကဲဖြတ်ချက်ပုံစံ(Internal, မိုငြမ်း)

## နည်းလမ်း (၉)
## မည်သို့လေ့လာအဆင့်ကြည့်မည်နည်း။

အချို့သောအခြေအနေများတွင် သင်သည် အလွတ်သဘောလေ့လာစောင့်ကြည့်ခြင်း သက်သက်မျှသာ လုပ်ဆောင်နိုင်သည်။ အပြောင်းအလဲကို မျက်ခြေမပြတ်စောင့်ကြည့်နိုင်လျှင် သို့မဟုတ် အကဲဖြတ်နိုင်လျှင် ပြည့်စုံကောင်းမွန်သည်ဟု ဆိုနိုင်သည်။

"လူထုများနေအိမ်များသို့ပြောင်းရွှေ့ခြင်းရှိမရှိသိရန် ကျွန်ုပ်ကြည့်သည်။ အန္တရာယ်ကင်းသည်ဟု သူတို့ခံစားရသလားမေးသည်။ သူတို့ပြုံးနေသလား။ သူတို့ပျော်နေသလား။ ကလေးတွေကျောင်းပြန်သွားပြီလား။ ကျွန်တော်စောင့်ကြည့်သည်။" (ဒွန်ဝင်)

## လူထုကိုလေ့လာစောင့်ကြည့်ခြင်းအကြံပြုချက်များနှင့် ကြုံတွေ့နိုင်သော ပြဿနာများ

| အကြံပြုချက် | ကြုံတွေ့နိုင်သောပြဿနာ |
|---|---|
| ဘေးအန္တရာယ်ခံ ဒေသတွင် မည်သည့်အတွက်ကြောင့် လူထုကိုစောင့်ကြည့်လိုသနည်းဆိုသည်ကိုရှင်းပြပါ။ သင်ရရှိသော အချက်အလက်ကို မည်သို့အသုံးပြုမည်ကိုရှင်းပြပါ။ ထိုနေရာတွင်နေထိုင်သောလူထုထံမှ ခွင့်ပြုချက်တောင်းခံပါ။ | လူထုကို လေ့လာစောင့်ကြည့်ခြင်းသည် ၎င်းတို့၏ ပုံမှန်အပြုအမူလုပ်ရိုးလုပ်စဉ်များကို ထိခိုက်စေနိုင်သည်။ |
| ထိုဒေသတွင်နေထိုင်သူများကို ဘေးအန္တရာယ်ခံနေရာကို သင်နှင့်အတူ လိုက်လံလေ့လာစောင့်ကြည့်ရန် ဖိတ်ခေါ်ပါ။ | လေ့လာစောင့်ကြည့်သူက စောင့်ကြည့်ခံလူပုဂ္ဂိုလ်များအားကောင်းကောင်းသိလျှင် စောင့်ကြည့်သူအနေဖြင့် ဘက်မလိုက်ဘဲ စောင့်ကြည့်ရန် ခက်ခဲစေသည်။ |
| လေ့လာစောင့်ကြည့်သူများကို ကာလတိုလေ့ကျင့်မှုနှင့် ပံ့ပိုးမှုပေးပါ။ လေ့လာစောင့်ကြည့်ခြင်းဖြင့်ဖြစ်စေသင်ရယူလိုသော သတင်းအချက်အလက်ကို သဘောတူအောင်လုပ်ဆောင်ပါ။ | လေ့လာစောင့်ကြည့်သူ အများအပြားပါဝင်ခြင်းသည်ထင်မြင်ချက်အမျိုးမျိုးအဓိပ္ပါယ်ဖွင့်ဆိုမှုအမျိုးမျိုးဖြစ်စေနိုင်သည်။ |
| ထို့နောက် မှတ်စုများကိုနှိုင်းယှဉ်လေ့လာပြီး လေ့လာတွေ့ရှိချက်များကို အမြန်ဆုံးသိမ်းထားပါ။ တွေ့ရှိချက်များကို စာဖြင့် မှတ်တမ်းတင်အသုံးပြုပါ။ | မှတ်တမ်းတင်ခြင်းမရှိသော တွေ့ရှိချက်များသည်ချက်ခြင်းဆိုသလို မှိန်အားထားနိုင်ခြင်း မရှိဖြစ်သွားနိုင်သည်။ |

Partners in Evaluation မှ - Efvaluating Development and Community Programmes with Participants Marie - Therese Fenerstein 1986. Macmillan Publisers Ltd. ၏ ခွင့်ပြုချက်ဖြင့်ဖော်ပြသည်။

# နည်းလမ်း (၁၀)
# အညွှန်းကိန်းများစတင်အသုံးပြုခြင်း

အခြေပြုများနှင့်ပတ်သက်၍ သင်၏အေဖျင်စီတွင် သီးခြားနည်းလမ်းရှိကောင်း ရှိမည်။ မရှိပါက ဤမိတ်ဆက်စာပိုဒ်သည် ဘေးအန္တရာယ်ကျရောက်သောလူထုနှင့် အတူ ပြည့်စုံကောင်းမွန်အညွှန်းကိန်းများဖော်ထုတ်ရန် အထောက်အကူပြုနိုင်သည်။

အညွှန်းကိန်းများဆိုသည်မှာ တိုင်းတာရာတွင် ရှင်းလင်းလွယ်ကူစွာလုပ်ဆောင်ရန်နှင့် အပြောင်းအလဲနှင့် ထိရောက်မှုကို အထောက်အကူပြုသောကိန်းဂဏန်း၊ အဆိုပြုချက်ပင်ဖြစ်သည်။

အရေအတွက်အခြေအနေပြ ကိန်းဂဏန်းများသည် ကိန်းဂဏန်းများကိုအသုံးပြုပြီး အရည်အသွေး အညွှန်းကိန်းများသည် စကားလုံးများနှင့်ရုပ်ပုံများကို အသုံးပြုကြသည်။ ဤအညွှန်းကိန်းနှစ်မျိုးစလုံးကို လိုအပ်သည်။ ဥပမာအားဖြင့် အညွှန်းကိန်း ကိန်းဂဏန်းများသည် ခွဲတမ်းပေါ်ရှိနေသော ကလေးငယ် အရည်အတွက်ကို သင့်အား ဖော်ပြပေးမည်။ အရည်အသွေးအညွှန်းကိန်းတစ်ခုသည် ထိုကလေးငယ်များ အစားအသောက်နှင့်ပတ်သက်၍ မည်မျှ ကျေနပ်မှုရှိသည်ကို ဖော်ပြနိုင်သည်။

အညွှန်းကိန်းများအကြောင်း စဉ်းစားသောအခါ ပြည့်စုံကောင်းမွန်နည်းလမ်းကိုအသုံးပြုပါ။

- စီမံချက်တွင် အချို့သောအညွှန်းကိန်းများ ရှိပြီးမပြီးလေ့လာပါ။
- အညွှန်းကိန်းအသစ် အများအပြားမဖော်ထုတ်ပါနှင့်၊ တတ်နိုင်သမျှအနည်းဆုံးသာ အသုံးပြုပါ။
- အရေအတွက်နှင့်အရည်အသွေးအညွှန်းကိန်းများ ညီမျှအောင်ကြိုးစားပါ။
- သင်အလိုအပ်ဆုံးအချက်အလက်ကိုသာ ကောက်ယူပါ။
- ရွေးချယ်ထားသောအခြေပြုတစ်ခုသည် လိုလားသောအပြောင်းအလဲကို အမှန်တကယ်တိုင်းတာခြင်း ရှိမရှိ စစ်ဆေးပါ။
- အပြောင်းအလဲကို မျက်ခြေမပြတ်စောင့်ကြည့်ရန် သင်၏အညွှန်းကိန်းများကိုအသုံးပြုပြီးနောက် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဤအချက်အလက်ကို ခွဲခြမ်းစိတ်ဖြာ အသုံးပြုပါ။

## Sphere အညွှန်းကိန်းများ

ပြည့်စုံကောင်းမွန်အညွှန်းကိန်းများသည် အကျယ်အပြန့်လက်ခံထားသော စံနှုန်းများနှင့် ကိုက်ညီရန်လိုအပ် ကြောင်း အသိအမှတ်ပြုသည်။ အထင်ရှားဆုံး လူသားချင်းစာနာမှုအကူအညီ ထိရောက်မှုအညွှန်းကိန်းများကို **Sphere** က ဖော်ထုတ်ခဲ့သည်။ ၎င်းတို့သည် အများသုံး ဘုံဘာသာစကားတစ်ခုထူထောင်ပြီး စီမံချက်များတစ်ခုနှင့်တစ်ခု နှိုင်းယှဉ်လေ့လာနိုင်အောင် လုပ်ဆောင်ပေးခဲ့သည်။

အချို့သော အခြေအနေများတွင် ထိုအညွှန်းကိန်းများကို ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်းလည်း **Sphere** က ဝန်ခံထားသည်။ အောက်တွင်ဖော်ပြထားသောကိစ္စရပ်တွင် အေဂျင်စီတစ်ခုက ၎င်းတို့သည်အတည်ပြုထားသော လူတစ်ဦးအတွက် တစ်နေ့တာ ရေလိုအပ်ချက် ၈ လီတာမှ ၁၅ လီတာအတွင်း မည်သည့်အတွက်ကြောင့် ဖြန့်ချိခြင်း မပြုနိုင်သည်ကို ရှင်းလင်းတင်ပြထားသည်။ အညွှန်းကိန်းများနှင့်ကိုက်ညီအောင် ဖြည့်ဆည်းနိုင်ခြင်းမရှိသောအခါ ပွင့်လင်းရန် အရေးကြီးသည်။ အကဲဖြတ်ခြင်းနှင့် ထိရောက်မှု စောင့်ကြည့်ကွပ်ကဲမှုအတွင်း အကြောင်းရင်းကို မှတ်တမ်းတင်ရန် အရေးကြီးသည်။ ဖြစ်နိုင်လျှင် အခြေပြုနှင့် ကိုက်ညီအောင် ဈေးရှုဆောင်ရွက်သင့်သည်။

### အီသီယိုးပီးယားအားစီမံချက်

၂၀၀၀ ခုနှစ်က အီသီယိုးပီးယားနိုင်ငံ မိုးခေါင်ရေရှားမှုအတွင်း စီမံချက်တွင် ကျွန်ုပ်တို့သည် လူ ၄၀၀၀၀၀ ကျော်အတွက် ရေပေးဝေခဲ့သည်။ ပြဋ္ဌာန်းထားသော ၁၅ မီတာအစား အကြမ်းဖျင်းအားဖြင့် လူတစ်ဦးတစ်နေ့လျှင် ၅ လီတာနှုန်းဖြင့် ပေးဝေသည်။ ထိုပမာဏသည် အလှူရှင်များနှင့် သယ်ယူပို့ဆောင်သိုလှောင်မှုလုပ်ငန်းက စွမ်းဆောင်နိုင်သော ပမာဏ ထက်ကျော်လွန်နေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သောက်သုံးရန်နှင့် ချက်ပြုတ်ရန်အတွက်သာ ရေပေးဝေခြင်းဖြစ်ကြောင်း အတိအလင်း ကြေငြာခဲ့သည်။

### ပြောင်းလဲမှုအညွှန်းကိန်းများ

၎င်းတို့လိုလားသော အပြောင်းအလဲများ ဆုံးဖြတ်သတ်မှတ်ရာတွင် ဖြစ်နိုင်ခြေရှိသောနေရာတိုင်းမှာ ဘေးအန္တရာယ်ခံ ယောက်ျား၊ မိန်းမ၊ ကလေးသူငယ် ပါဝင်အောင်ဆောင်ရွက်ပါ။ စီမံချက်ပြီးဆုံးသွားသောအခါ မည်သည်တို့ကို မြင်တွေ့လိုပါသည်ဟု ရပ်ရွာလူထုအား အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ တစ်ဦးချင်း တွေ့ဆုံဆွေးနွေးမှုများတွင် မေးမြန်းပါ။ အမျိုးသမီးများနှင့် အခြားအုပ်စုများအတွက် သီးခြားဆွေးနွေးပွဲများ ကျင်းပပေးပါ။

စီမံချက်အောင်မြင်လျှင် မည်သည့်အရာများဖြစ်ပေါ်လာမည်နည်းဟု ဘေးအန္တရာယ်ခံလူထုကို မေးပါ။ စီမံချက်ပြီးစီးသွားပြီဟု စိတ်ကူးဖြင့်စဉ်းစားပါ။ လူထုမည်သို့အကျိုးခံစားရမည်နည်း။ သင်၏ဘဝကို သင်၏အားကို ဤစီမံချက်က မည်သို့ရိုက်ခတ်မည်နည်း။ မည့်သည့်အရာများကို တွေ့မြင်ရမည်နည်း။ ဤမေးခွန်းများအတွက် လူထု၏ အဖြေများသည် တိုးတက်မှုနှင့် အပြောင်းအလဲကို မျက်ခြေမပြတ်စောင့်ကြည့်ရန် သင့်လိုသော အခြေပြုများကို ပံ့ပိုးပေးနိုင်သည်။

ရပ်ရွာအပြောင်းအလဲတစ်ခုက ထုတ်ဖော်သော အပြောင်းအလဲအခြေပြများ

- အခြားသော အခြေပြများနှင့် ကိုက်ညီမှုရှိနိုင်သကဲ့သို့ မကိုက်ညီဆဲလည်း ဖြစ်နိုင်သည်။
- ပြည်ပပုဂ္ဂိုလ်များအမြင်တွင် ယုတ္တိကင်းမဲ့နေသကဲ့သို့ဖြစ်နိုင်သည်။
- အခြားသော ဒေသအနေအထား၊ အခြားသောရပ်ရွာတွင် အသုံးပြုရန် မသင့်တော်ဘဲ ရှိနိုင်သည်။
- အချိန်ကာလကန့်သတ်မှု ကင်းမဲ့ကောင်း ကင်းမဲ့သည်။
- အခြားသောစီမံချက်များနှင့် နှိုင်းယှဉ်၍ မရနိုင်သော အခြေအနေလည်း ဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ ဤအခြေပြများက စီမံချက်ဝန်ထမ်းများ အကူအညီရခွင့်ရှိသူများ၏ အမြင်ဖြင့် ရှုမြင်သုံးသပ်စေရန် လူထုအနေဖြင့် ၎င်းတို့၏အမြင်ကို ဖော်ပြနိုင်စေရန်နှင့် ၎င်းတို့၏ အတွေ့အကြုံနှင့်ဆန္ဒကို ထည့်သွင်းစဉ်းစားနိုင်စေရန် ပြုလုပ်ပေးသော နည်းလမ်းတစ်ခုပင်ဖြစ်သည်။

## ဆူဒန်စီမံချက်

ဆူဒန်နိုင်ငံတောင်ပိုင်း ရေစီမံချက်တွင် စီမံချက်ဝန်ထမ်းများသည် ရေရရှိသောဒေသနှင့် ရပ်ရွာ၏ အကွာအဝေးကို တိုင်းတာသော **Sphere** အညွှန်းကိန်းကို အသုံးပြုခြင်းဖြင့် အောင်မြင်မှုကို တိုင်းတာနိုင်ခဲ့သည်။

သို့သော် ထိုစီမံချက်မှာပင် ရပ်ရွာက အောင်မြင်မှုကို ကျောင်းတက်သော မိန်းကလေးအရေအတွက်ဖြင့် တိုင်းတာသည်။ ရေရရှိသောနေရာသည် ရပ်ရွာနှင့် ပိုမိုနီးကပ်သောအခါ မိန်းကလေးများသည် ၎င်းတို့၏ ရေပုံးကို ကျောင်းသို့ယူသွားကြပြီး အိမ်အပြန်လမ်းတွင် ရေခပ်ယူခဲ့ကြသည်။

ရေရရှိမှုနေရာ နီးကပ်ခြင်း၏ရလဒ်ဖြစ်သော ရပ်ရွာအတွင်းပြောင်းလဲမှုနှင့်မိန်းကလေးများ ကျောင်းသွားနိုင်ခြင်းတို့နှင့်ပတ်သက်၍ လူထုက မည်သို့ခံစားရပါသနည်း။ ကျေနပ်မှုကိုတိုင်းတာခြင်း ဥပမာတစ်ရပ်ကို စာမျက်နှာ (၂၃)တွင် ဘောင်ခတ်ဖော်ပြထားသည်။

V.M. Walden (2005) 'Community Indicators', Oxfa,(Internal), L.Bishop (2002)' First Step in Monitoring and Evaluation', Charities Evaluation Services; Margarita Clark နှင့် တွေ့ဆုံမေးမြန်းခြင်း, Save the Children, တို့မှ

## နည်းလမ်း (၁၁)

## သင်ခန်းစာထုတ်ယူရေးစည်းဝေးပွဲမည်သို့ကျင်းပမည်နည်း

### ရည်မှန်းချက်

- စီမံချက်ဝန်ထမ်းများတွေ့ဆုံပြီး စီမံချက်ဆိုင်ရာသတင်းအချက်အလက်များ မျှဝေရန်
- ဆောင်ရွက်နေသော လုပ်ရှားမှုများနှင့်ပတ်သက်ပြီး သဘောတူညီမှု တည်ဆောက်ရန်
- ပြုလုပ်ရန်ရည်ရွယ်ထားသော အပြောင်းအလဲများနှင့်ပတ်သက်ပြီး သဘောတူညီမှု တည်ဆောက်ရန်
- အဓိကသတင်းအချက်အလက်ဆုံးဖြတ်ချက်နှင့် ၎င်းတို့အပေါ် ဆောင်ရွက်မှုများကို မှတ်တမ်းတင်ရန်

### အောက်ပါတို့လိုအပ်လိမ့်မည်။

- သင်၏တာဝန်ရှိမှုအကြီးပေး (ရှိလျှင်)
- စီစဉ်ဆောင်ရွက်သူအဖြစ် တာဝန်ယူမည့်သူ
- အဓိကတွေ့ရှိချက်၊ ဝေဖန်ပြောကြားမှု၊ ဆုံးဖြတ်ချက်များကို ရေးသားမှတ်တမ်းတင်ရန် အခြားသူတစ်ဦး

### စီမံချက်ဝန်ထမ်းများအတွက် မေးခွန်းများ

၁။ မည်သည့်လူထုနှင့် သင်လုပ်ကိုင်နေသနည်း။
၂။ ထိုသူများအနက်မည်သူတို့သည် အထူးသဖြင့်ထိခိုက်လွယ်သူများ ဖြစ်ပါသနည်း
၃။ နောက်ဆုံးအကြိမ်အစည်းအဝေးနောက်ပိုင်း မည်သူတို့နှင့်ပြောဆိုဆွေးနွေးခဲ့သနည်း။
၄။ သူတို့ထံမှ မည်သည်တို့ကို လေ့လာသိရှိခဲ့သနည်း။
၅။ တွေ့ရှိချက်များကိုမည်သူတို့နှင့် အပြန်အလှန်ရည်ညွှန်းကိုးကား ပြောဆိုခဲ့ပါသနည်း။
၆။ သင်၏တွေ့ရှိချက်များသည် အစည်းအဝေးမှတ်တမ်း(သို့)အခြေခံအချက်အလက် များနှင့် မည်သို့နှိုင်းယှဉ်နိုင်သနည်း။
၇။ မည်သည့်လိုအပ်ချက်များကို အကူအညီရယူပိုင်ခွင့်ရှိသူများက ဦးစားပေးသနည်း။
၈။ သင်၏ လက်တလောလုပ်ရှားမှုနှင့် မည်သို့သက်ဆိုင်သနည်း
၉။ မည်သည်တို့ အလုပ်ဖြစ်သနည်း။
၁၀။ မည်သည်တို့ အလုပ်မတွင်ကျယ်ဖြစ်နေသနည်း။
၁၁။ မည်သည့်ရလဒ်ကို သင်ရည်မှန်း/ရည်မှန်းသင့်ပြီး မည်သို့ အောင်မြင်အောင် ဆောင်ရွက်မည်နည်း။
၁၂။ ထိရောက်မှုတိုးတက်ရေးအတွက် သင်မည်သည်တို့ကို လုပ်ဆောင်ရန်လိုအပ်ပါ သနည်း။

အဓိကတွေ့ရှိချက်၊ ဝေဖန်ပြောကြားချက်၊ ဆုံးဖြတ်ချက်များနှင့် မှတ်တမ်းတင်ထားသော ရက်စွဲများနှင့်အတူ အစည်းအဝေးများ ပုံမှန်ကျင်းပသောအခါ စီမံချက်နောက်ဆုံး အခြေအနေဆိုင်ရာ သတင်းအချက်အလက်များ ရရှိရေးနှင့် စီမံချက်ထိရောက်မှု တိုင်းတာရေးတို့တွင်အထောက်အကူပြုသည်။ ဤကဲ့သို့လုပ်ဆောင်ခြင်းသည် သင်တုန့်ပြန် ဆောင်ရွက်မှုများ၊ ဝန်ထမ်းပြောင်းလဲမှုမြင့်မားသောအခါနှင့် အဖွဲ့များအနေဖြင့် စနစ်တစ်ရပ်ထူထောင်ရန် အချိန်မရသောအခါများတွင် ထိုသို့လုပ်ဆောင်ရန် ကြိုးစားရေးမှာ အရေးပါသည်။

"ရေးသားဆက်သွယ်ခြင်း" မှ Pauline Wilson ESifh World Vision မှ ဝန်ထမ်းများ (မှီငြမ်း)။

## နည်းလမ်း (၁၂)
## စောဒကတက်ခြင်းနှင့် တုန့်ပြန်မှုဆိုင်ရာ ယန္တရားတစ်ရပ်မည်သို့ ထူထောင်မည်နည်း။

တုန့်ပြန်ဆွေးနွေးချက်များသည် အပြုသဘောဆောင်နိုင်သကဲ့သို့ ဆန့်ကျင်ဘက်သဘောလည်း ဆောင်နိုင်သည်။ စောဒကတက်ခြင်းမှ တစ်စုံတစ်ရာ မှားယွင်းနေသောကြောင့်သာဖြစ်သည်။ စောဒကတက်မှုများကို လက်ခံတုန့်ပြန်ဆောင်ရွက်ခြင်း တာဝန်ရှိမှု ထိရောက်မှုနှင့် လေ့လာသင်ယူမှုတို့အတွက် လွန်စွာအရေးပါသည်။

### သတင်းအချက်အလက်

မည်သို့စောဒကတက် တိုင်ကြားရမည်ကို လူထုအား ရှင်းပြပြီး စောဒကတက်ခြင်းသည်။ ၎င်းတို့၏ ရပိုင်ခွင့်ဖြစ်ကြောင်းလူထုအား ရှင်းလင်းတင်ပြပါ။

- စောဒကတက်ခြင်းလုပ်ငန်းအဆင့်ဆင့်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို ဖြန့်ချိရန်ဝန်ထမ်းများနှင့် ကြော်ငြာသင်ပုန်းများကို အသုံးပြုပါ။
- သင်ဖြေရှင်းပေးနိုင်သော စောဒကတက်ခြင်းနှင့် သင်အဖြေရှင်းပေးနိုင်သော စောဒကတက်ခြင်းတို့ကို ရှင်းလင်းစွာ သိမြင်ပါ။
- အကူအညီရပိုင်ခွင့်ရှိသူများအပေါ် အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုတို့နှင့်ပတ်သက်၍ သင့်အေဂျင်စီ၏ လုပ်ထုံးလုပ်နည်းကို သိရှိနားလည်ပါစေ။
- မေတ္တာရပ်ခံမှုလုပ်ငန်းအဆင့်ဆင့်၏ အသေးစိတ်များကို ရှင်းပြပါ။

### ချဉ်းကပ်အသုံးပြုနိုင်မှု

စောဒကတက်ခြင်းလုပ်ငန်းအဆင့်ဆင့် အတက်နိုင်ဆုံးလွယ်ကူလျှင်မြန်စေရန် ပြုလုပ်ပါ။ အောက်ပါတို့ကို စဉ်းစားသုံးသပ်ပါ။

- ဝေးလံသောဒေသများမှ အကူအညီရပိုင်ခွင့်ရှိသူများ စောဒကတက်နိုင်ရန် မည်သို့ လုပ်ဆောင်မည်နည်း။
- စောဒကတက်ခြင်းကို နှုတ်ဖြင့် သို့မဟုတ် စာဖြင့် ပြုလုပ်နိုင်ပါသလား။
- တစ်စုံတစ်ယောက်၏ကိုယ်စား စောဒကတက်ခြင်းကို တင်ပြနိုင်ပါသလား (စာမတတ်မှုကြောင့်၊ ပုဂ္ဂိုလ်ရေး လုံခြုံမှုစိုးရိမ်ရသောကြောင့်၊ ခရီးမသွားနိုင်သောကြောင့် စသည်)

### လုပ်ထုံးလုပ်နည်းများ

စောဒကတက်ခြင်းကို မည်သို့ကိုင်တွယ်ဖြေရှင်းပေးမည်ကို ရှင်းလင်းပြောကြားပါ။

- စောဒကတက်ခြင်းဆိုင်ရာ စံနမူနာပုံစံတစ်ခုထုတ်လုပ်ပါ။
- စောဒကတက်သူကို လက်ခံဖြတ်ပိုင်းပေးပါ။ လက်မှတ်ရေးထိုးထားသောသူတို့၏ စောဒကတက်ခြင်း ပုံစံစာရွက်ပေးလျှင် ပိုကောင်းပါသည်။
- စောဒကတက်ခြင်းနှင့် တုန့်ပြန်ဆောင်ရွက်မှုစာရင်းအင်းထိန်းသိမ်းထားခြင်း၊ စုံစမ်းစစ်ဆေးမှုတစ်ခုကိုပြန်လည်ခြေရာခံရန် လုပ်ဆောင်ပေးခြင်းတို့ပြုလုပ်ပါ။

- စောဒကတက်ခြင်းဖိုင်တွဲကို အတွင်းရေးလျှို့ဝှက်ချက်အဖြစ် ထိန်းသိမ်းပါ။
- စောဒကတက်ခြင်းနှင့်ပတ်သက်သော ဆွေးနွေးချက်များမှ စောဒကတက်ခြင်းတစ်ခုစီသို့ ခြေရာမခံမိစေရန် ဆောင်ရွက်ပါ။
- ဝန်ထမ်းများနှင့် ပတ်သက်သော စောဒကတက်ခြင်းကို ကိုင်တွယ်ဖြေရှင်းသောသင့်အေဂျင်စီ၏ လုပ်ထုံးလုပ်နည်း သိရှိနားလည်ပါ။

## တုန့်ပြန်ဆောင်ရွက်မှု

၎င်းတို့၏ စောဒကတက်ခြင်းနှင့်ပတ်သက်၍ အကူအညီရခွင့်ရှိသူများသို့ တုန့်ပြန်မှုပေးပါ။

- စောဒကတက်မှုတိုင်း သင့်တော်သော တုန့်ပြန်မှု၊ အရေးယူမှုရရှိအောင် ဆောင်ရွက်ပါ။
- ရှေ့နောက်ညီညွတ်မှုရှိပါစေ။ တူညီသော စောဒကတက်ခြင်းများ တူညီသောတုန့်ပြန်မှု ရရှိပါစေ။
- စောဒကတက်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲမှုပေးပြီး မေတ္တာရပ်ခံ အယူခံခွင့် လုပ်ငန်းစဉ်လည်း ရှိပါစေ။

## လေ့လာသင်ယူခြင်း

အမှားအယွင်းများနှင့် စောဒကတက်ခြင်းမှ လေ့လာသင်ယူခြင်း

- စာရင်းအင်းပြုစုပြီး အဓိကလမ်းကြောင်းကို ဖေါ်ထုတ်ပါ။
- လေ့လာသင်ယူမှုကို ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် စီမံချက်လုပ်ဆောင်မှုများတွင်သုံးပါ။

### စောဒကတက်ခြင်းနှင့် တုန့်ပြန်မှုယန္တရားတစ်ရပ်လည်ပတ်ခြင်း

**Medair** သည် ၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် ကက်ရှမီးယားငလျင်ကယ်ဆယ်ရေးလုပ်ငန်းတွင် အရေးပေါ်အမိုးအကာနှင့် အစားအစာမဟုတ်သောပစ္စည်းများဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့သည် စုံစမ်းမေးမြန်းခြင်းနှင့် စောဒကတက်ခြင်းယန္တရားတရပ် ထူထောင်ရန်လိုအပ်ကြောင်း သဘော ပေါက်ခဲ့သည်။ အဓိကကျသော စီမံချက်အခြေစိုက်စခန်းတွင် နေ့စဉ်တစ်နာရီကြာ စောဒကတက်လာသော ပြဿနာများအတွက်အချိန်ပေးခဲ့သည်။ ထိုအချိန်သည် **Medair**အနေဖြင့် စောဒကတက်ခြင်းကိုလက်ခံသော အချိန်ကာလတစ်ခုဖြစ်ခဲ့သည်။

စောဒကတက်သူသည် အုပ်ချုပ်ရေးမှူး သို့မဟုတ် မှုးမန်နေဂျာနှင့်တွေ့ဆုံခွင့်ရှိသည်။ ဖြစ်နိုင်လျှင် စောဒကတက်ခြင်းကို အလွတ်သဘော ဖြေရှင်းပေးသည်။ ဤသို့မလုပ်နိုင်ပါက မှူးဝန်ထမ်းများက စောဒကတက်ခြင်းပုံစံစာရွက်ကို ဖြည့်စွက်ပြီး လုပ်ငန်းခွင်ရှိ အကဲဖြတ်အဖွဲ့ထံပေးပို့သည်။ ဧည်းကမ်းများနှင့်

ပတ်သက်သော စောဒကတက်ခြင်းကို သက်ဆိုင်ရာစခန်းများတွင် စီမံချက် မန်နေဂျာက စုံစမ်း စစ်ဆေးသည်။

စောဒကတက်ခြင်းအများစုမှ အမိုးအကာမရရှိသော ငလျှင်ဒဏ်ခံရသူများ ထံမှ ဖြစ်သည်။ **Medair** က သက်ဆိုင်ရာအေဂျင်စီသို့ ထောက်ခံတင်ပြပေး သည်။ မည်သည့်အရေးယူဆောင်ရွက်မှုမျှ မရှိလျှင် **Medair** ကူညီပံ့ပိုးပေး သည်။ အကဲဖြတ်အဖွဲ့က စောဒကတက်ခြင်းကို အတည်ပြုလျှင် **Medair**၏ ရင်းမြစ်အပေါ် အခြေခံပြီး ကူညီပံ့ပိုးပေးသည်။

ရွာတစ်ရွာစီမှ စောဒကတက်မှုအရေအတွက် မည်မျှရှိသည်၊ မည်မျှကို ဖြေရှင်းပေးပြီးပြီကို ကွန်ပျူတာ **Spread sheet** တွင် မှတ်တမ်းတင် ထားသည်။ ထိုသို့လုပ်ဆောင်ခြင်းကြောင့် စီမံချက်ဝန်ထမ်းများအတွက် တိုးတက်မှု အကဲဖြတ်ရန်နှင့် စောဒကတက်မှုများကို စီမံချက် စီမံရေးဆွဲရာ တွင် ထည့်သွင်းနိုင်စေသည်။

အရေးပေါ်လုပ်ငန်းအဆင့် အဆုံးပိုင်းသို့ရောက်လာသောအခါ **Medair** သည် စောဒကတက်မှု စုစုပေါင်း ၁၆၀၀ခန့်ကို ဖြေရှင်းပေးနိုင်ခဲ့ပြီး လက်ခံရရှိမှု၏ ၇၀%ခန့်ရှိသည်။ စောဒကတက်မှုအားလုံးကို ကိုင်တွယ်ဖြေရှင်းပေးနိုင်ခြင်းမရှိ ရခြင်းမှာ ၂၀၀၆ ခုနှစ်တွင် **Medair**၏ ရန်ပုံငွေ ကုန်ခမ်းသွားခဲ့သောကြောင့် ဖြစ်သည်။ ပိုမိုများပြားသော အိမ်ထောင်စုများကို စစ်ဆေးခြင်းသည် မှားယွင်းသော မျှော်လင့်ချက်များကို ဖြစ်ပွားစေနိုင်သည်။ ငလျှင်အပြီး ၅လ အကြာတွင် အိမ်အများစုကို ပြန်လည်နေရာချထားနိုင်ခဲ့သည်။ စုံစမ်းစစ်ဆေးခဲ့ သော စောဒကတက်ခြင်းများအနက် ၁၈ %ကို အတည်ပြုခဲ့သည်။ ဝန်ထမ်း များနှင့်ပတ်သက်သော စောဒကတက်မှုများအတွက် မိမိတို့လူမျိုးစု (သို့) မိသားစု ကို မျက်နှာပေးဆက်ဆံခဲ့သော ဝန်ထမ်းသုံးဦး တာဝန်မှဖယ်ရှားခဲ့သည်။

စောဒကတက်ခြင်းယန္တရားကြောင့် **Medair** ၏ လုပ်ငန်းခွင်နှင့် ရုံးဝန်ထမ်းများ အကူအညီ လစ်ဟာမှုများ ရှာဖွေဖော်ထုတ်ရာတွင် သိသိ သာသာ အချိန်ကုန်သက်သာစေခဲ့သည်။ ထိုယန္တရားတို့အသုံးပြုခြင်း ကြောင့် **Medair** သည် အကူအညီပေးရေးအစီအစဉ်မှ လစ်ဟာကျန်ရစ်သည့် မိသားစု ၂၉၀ ခန့်ကို ကူညီနိုင်ခဲ့သည်။

**Medair** သည် ပါကစ္စတန်နိုင်ငံသို့ ရောက်ဖူးခြင်းမရှိသော်လည်း စောဒက တက်ခြင်းနှင့် တုန့်ပြန်မှုယန္တရားက ၎င်းတို့၏ ဒေသန္တရဗဟုသုတနည်းပါးမှုကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ စီမံချက်ပြီးဆုံးသောအခါ ရပ်ရွာ အသိုင်း အဝိုင်းများက ၎င်းတို့ တွေ့မြင်သောဖြန့်ဝေခြင်းကွာဟမှုများအတွက် **Medair** ကိုဆက်သွယ်ခဲ့ကြသည်။ **Medair** က သင့်တော်သော အရေးယူဆောင်ရွက် မှုပြုလုပ်ပေးလိမ့်မည်ဟု ယုံကြည်ကြသောကြောင့်ပင်ဖြစ်သည်။

Robert Schofield နှင့် John Primose တို့နှင့် စာရေးဆက်သွယ်ချက်မှ (မှီငြမ်း)

## နည်းလမ်း (၁၃)

## နှုတ်ဖြင့် မည်သို့အစီရင်ခံမည်နည်း

ဘေးအန္တရာယ်ဒဏ်ခံလူထုက စီမံချက်တစ်လျှောက် ပါဝင်ဆောင်ရွက်သော အခါတွင်ပင် အချို့သောသူများသည် အခြားသောသူများ လက်ခံစီမံချက်အကြောင်း ပိုမိုသိရှိကြသည်။ ရပ်ရွာသို့ စီမံချက်နှင့်ပတ်သက်၍ နှုတ်ဖြင့် အစီရင်ခံခြင်းဆိုင်ရာ အကြံပြုချက်များကို အောက်တွင်ဖော်ပြထားသည်။

**တိုတောင်းပါစေ၊**

သတင်းအချက်အလက်ကို မဖုံးကွယ်ပါဘဲ ဖြစ်ပျက်ခဲ့သော ကိစ္စများနှင့် ပတ်သက်သော အဓိကအချက်များကို လူထုမှတ်မိရန် ကူညီပါ။

**လူထုသိရန်လိုသော အရာများကို စဉ်းစားပါ။**

လူထု၏လိုအပ်ချက်နှင့်ကိုက်ညီသော နှုတ်ဖြင့် တင်ပြခြင်းကို ပြင်ဆင်ပါ။

**အဓိကအချက်များကိုအလေးပေးပါ။**

ဖြစ်နိုင်ပါက ပိုစတာ၊ ကိုးကားစကား၊ ဓါတ်ပုံ၊ ရုပ်သေပုံများ၊ ဇယားကွက်များ၊ သရုပ်ပြပုံများ၊ အသုံးပြုပါ။

**ပါဝင်ဆောင်ရွက်မှုကိုအားပေးပါ။**

အမေးအဖြေဆွေးနွေးပွဲ၊ အကြံပေးအဖွဲ့ ဆွေးနွေးမှု၊ ပြဇာတ်တိုများဖြင့် အထောက်အကူရယူနိုင်သည်။

**၎င်းတို့၏ ထင်မြင်ချက်အတိုင်း ပြောဆိုနိုင်အောင် လူထုကိုအားပေးပါ။**

လူထုတွင် စီမံချက်နှင့်ပတ်သက်၍ စီမံချက်ကြောင့်ဖြစ်လာသော အပြောင်းအလဲနှင့် ပတ်သက်၍ ကွဲလွဲသောအမြင်များ ရှိနိုင်သည်။ ထိုသို့ ကွဲပြားသော အမြင်များကို မည်သို့ကိုင်တွယ်ဖြေရှင်းမည်ကို ကြိုတင်စဉ်းစားပါ။

**နားထောင်ပါ။ သူများစိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနှင့်၊**

အထူးသဖြင့် လူထုက ကွဲလွဲသောအမြင်များ ဖော်ပြနေချိန်တွင် လူထု အကြား ကောင်းမွန်သောဆက်ဆံရေး၊ ကောင်းမွန်သောပတ်ဝန်းကျင် ရှိနေစေ ရန် ကြိုးစားပါ။ အပြုသဘောဆောင်သောမှတ်ချက်နှင့် ဆွေးနွေးပွဲအဆုံးသတ်နိုင်ရန် ကြိုးစားပါ။

Partners in Evaluation မှ - Efvaluating Development and Community Programmes with Participants Marie - Therese Fenerstein 1986. Macmillan Publisers Ltd. ၏ ခွင့်ပြုချက်ဖြင့်ဖော်ပြသည်။

## နည်းလမ်း (၁၄)
## မည်သို့မှတ်ဆက်ခွဲခွာမည်နည်း

စီမံချက်ပြီးဆုံး၍ သင်၏အဖွဲ့ငယ်စီ ပြန်လည်ထွက်ခွာသောအခါ ဤကိရိယာက အဆင်ပြေချောမွေ့ပြီး ပွင့်လင်းမှုရှိစေနိုင်သည်။ သင်၏စီမံချက်တွင်ပါဝင်ခဲ့သော လူထု (အကူအညီရပိုင်ခွင့်ရှိသူများ၊ ဝန်ထမ်းများ၊ ပူးပေါင်းဆောင်ရွက်သော အဖွဲ့ငယ်စီများ၊ အာဏာပိုင်များ)သည် မည်သည့်အတွက်ကြောင့် မည်သည့်တို့ဖြစ်ရသည်ကို သိသင့်သည်။

ဆက်သွယ်ရေးလိုအပ်ချက်နှင့်လှုပ်ရှားမှုများကို အသေးစိတ်အစီပွါယ်ဖွင့်ဆိုပါ။ ဤသို့ လုပ်ဆောင်ရာတွင် အောက်ပါတို့ ပါဝင်နိုင်သည်။

၁။ ဝန်ထမ်းများသို့ စာတစ်စောင်ရေးသားပြီး တစ်ဦးချင်းတွေ့ဆုံမှု အုပ်စုလိုက်တွေ့ဆုံမှုများပြုလုပ်ပါ။

၂။ စီမံချက်ပိတ်သိမ်းကြောင်း တရားဝင်စာတစ်စောင်ကို ဒေသ၊ ခရိုင်နှင့် ကျေးရွာခေါင်းဆောင်များထံပေးပို့ပါ။ (ရပ်မိရပ်ဖနှင့် အလွတ်သဘောဦးဆောင်သူများအပါအဝင်) ထို့နောက် တိုက်ရိုက်တွေ့ဆုံမှုများပြုလုပ်ပါ။ကျေးရွာ ခေါင်းဆောင်များသို့ ပေးပို့သော တရားဝင်စာမိတ္တူကို ကြော်ငြာသင်ပုန်းတွင်ကပ်ထားပေးပါ။

၃။ စီမံချက်ပြီးဆုံးမှုနှင့်ပတ်သက်၍ အကူအညီရပိုင်ခွင့်ရှိသူများနှင့် ဆက်သွယ်သောအခါ ဝန်ထမ်းများကို လမ်းညွှန်ရန် အမေးအဖြေပုံစံစာရွက်အသုံးပြုခြင်း။

၄။ ရပ်ရွာနှင့် နှုတ်ဆက်စည်းဝေးပွဲများကျင်းပရန် စီမံခြင်း။

၅။ စီမံချက်အောင်မြင်မှုနှင့် သင်ခန်းစာများကိုအစီရင်ခံခြင်း။

၆။ အခြားသော **NGO** များနှင့်လုပ်ဖော်ကိုင်ဖက်များသို့ ဆက်လက်ရေးသားပေးပို့ခြင်း။ ထို့နောက် တွေ့ဆုံရှင်းလင်းစည်းဝေးခြင်း။

၇။ တရားဝင်အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသမီးများနှင့် အခြားထိခိုက် **Focus Group**များကျင်းပခြင်း။ တစ်အိမ်တက်ဆင်းသွားရောက်လည်ပတ်ခြင်း။

၈။ စာတတ်မြောက်မှုအခြေအနေ နည်းပါးသူများနှင့် သင့်တော်သောပုံသဏ္ဍာန်များအပါအဝင် ပိုစတာ၊ လက်ကမ်းစာစောင်များ အသုံးပြုခြင်း။

၉။ စီမံချက်လုပ်ဆောင်မှုများနှင့်ပတ်သက်၍ ဝေဖန်ချက်/တုံ့ပြန်ချက်များဖိတ်ခေါ်ခြင်း။

၁၀။ လုပ်ငန်းအောင်မြင်မှုဇာတ်လမ်းများနှင့် အပြုသဘောဆောင်သော ရပ်ရွာတုံ့ပြန်မှုများ စုဆောင်းခြင်း။ ၎င်းတို့ကိုရပ်ရွာသို့ ပြန်လည်ပေးအပ်ခြင်း (ဥပမာ-လွှဲပြောင်းခြင်းအခမ်းအနားတွင် ဓါတ်ပုံ ပြပွဲပြုလုပ်ခြင်း)

၁၁။ စီမံချက်ကို ရပ်ရွာသို့လွှဲပြောင်းပေးအပ်သောအခါ ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှုအခမ်းအနားများကျင်းပရန် ပံ့ပိုးခြင်း။

၁၂။ ထွက်ခွာမှုဆက်သွယ်ရေးလှုပ်ရှားမှုများကိုအကဲဖြတ်ခြင်းနှင့် ရရှိသောသင်ခန်းစာများကိုမှတ်တမ်းတင်ခြင်း။

Partners in Evaluation မှ - Efvaluating Development and Community Programmes with Participants Marie - Therese Fenerstein 1986. Macmillan Publisers Ltd. ၏ ခွင့်ပြုချက်ဖြင့်ဖော်ပြသည်။

## အပိုင်း(၇)

# အခြားသောတာဝန်ရှိမှုအစီအစဉ်များ

ပြည့်စုံကောင်းမွန်လမ်းညွှန်စာအုပ်ကို အကူအညီပေးရေးကဏ္ဍ အစီအစဉ်များဖြစ်သော **ALNAP, HAP International, People in AID** နှင့် **Sphere** အပါအဝင် များစွာသောအဖွဲ့အစည်းများ၏ လုပ်ငန်းများမှ ကောက်ချက် ဆွဲယူပြုစုသည်။ အသေးစိတ်အချက်အလက်များကို အောက်ပါ **Link** များတွင် ကြည့်ရှုနိုင်ပါသည်။

## ALNAP

**ALNAP** ကို ရဝမ်ဒါမျိုးဖြုတ်သတ်ဖြတ်မှု တုန့်ပြန်ကယ်ဆယ်ရေး အေဂျင်စီပေါင်းစုံ အကဲဖြတ်ချက်အပြီး ၁၉၉၇ ခုနှစ်တွင်ထူထောင်ခဲ့သည်။ **ALNAP** အဖွဲ့ဝင်များတွင် အလှူရှင်များ၊ **NGO** များ၊ ကြက်ခြေနီ/လခြမ်းနီ၊ ကုလသမဂ္ဂအပါအဝင် လူသားချင်းစာနာမှုကဏ္ဍတစ်ခုလုံးမှ ကျွမ်းကျင်သူများ နှင့် အဖွဲ့အစည်းများပါဝင်သည်။ **ALNAP** သည် ရရှိသောသင်ခန်းစာများ မျှဝေခြင်း၊ ဘုံပြဿနာများ ရှာဖွေဖော်ထုတ်ခြင်းနှင့် သင့်တော်သောနေရာများ တွင် နည်းလမ်းများနှင့် ပတ်သက်သော သဘောတူညီမှုတည်ဆောက်ရေးတို့ဖြင့် လူသားချင်းစာနာမှု ဆောင်ရွက်မှုချက်များ၏ အရည်အသွေးနှင့် တာဝန်ယူမှု မြှင့်တင်ရေးတို့ကို လုပ်ဆောင်သည်။ **www.anlap.org**

## HAP International

လူသားချင်းစာနာမှုဆိုင်ရာတာဝန်ယူမှုလုပ်ဖော်ကိုင်ဘက်များ - **The Humanitarian Accountability Partnership** ကို သဘာဝဘေး အန္တရာယ်မှ လွတ်မြောက်သူများအတွက် ပိုမိုတာဝန်ရှိသောလုပ်ငန်းများ လုပ်ဆောင်ရန် ရည်မှန်းထားကြသော လူသားချင်းစာနာမှုအေဂျင်စီ အုပ်စုတစ်စုက ၂၀၀၃ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ **HAP** အဖွဲ့ဝင်များသည် ငါးနှစ်ကြာ လက်တွေ့သုတေသနနှင့် လက်တွေ့ကွင်းဆင်းမှုများဖြင့် ဖော်ထုတ်ထားသော **HAP**၏ တာဝန်ယူမှုသဘောတရားများကို တရားဝင်လက်ခံရန် လိုအပ်သည်။ **HAP** တာဝန်ယူမှုနှင့် အရည်အသွေးစီမံခန့်ခွဲမှု စံနှုန်းများတွင် အကူအညီရပိုင်ခွင့်ရှိသူများအပေါ် တာဝန်ယူမှုကို အာမခံချက်ပေးသော စစ်ဆေးခံနိုင်သည့် စံနှုန်းများပါဝင်သည်။ **HAP** ၏တာဝန်ယူမှုလက်စွဲစာအုပ် တွင် ပြည့်စုံကောင်းမွန်လမ်းညွှန်မှ အပိုင်းများပါဝင်သည်။
**www.hapinternational.org**

## People in AID

၁၉၉၅ ခုနှစ်တွင်တည်ထောင်ခဲ့သော **People in AID** သည် ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားချင်းစာနာမှုအကူအညီပေးရေး အေဂျင်စီများ၏ ကွန်ယက်တစ်ခုဖြစ်သည်။ ၎င်းသည် ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းများ၏ ထောက်ခံမှုတို့မှတဆင့် စီမံချက်ထိရောက်မှုမြှင့်တင်ရေးအတွက် အဖွဲ့အစည်းများကို အထောက်အကူပြုသည်။ **People in AID** ၏ အလေ့အထကောင်းများကျင့်ဝတ်တွင် အခြေပြုများဖြင့် အဓိပ္ပါယ်ဖွင့်ဆိုထားသော သဘောတရား (၇)ခုပါဝင်သည်။ ကျင့်ဝတ်များအား လိုက်နာမှုကတိကဝတ်ကို ပုံမှန်သတ်မှတ်ကာလအလိုက် ပြင်ပလူမှုစစ်ဆေးသူများက စစ်ဆေးနိုင်သည်။ ၂၀၀၁ ခုနှစ်မှစတင်၍ ကျင့်ဝတ်လိုက်နာမှုကို **People in AID** အရည်အသွေးပြအမှတ်များ ချီးမြှင့်ခြင်းဖြင့် အသိအမှတ်ပြုလျက်ရှိသည်။

## Sphere

**Sphere** ကို ကြက်ခြေနီ၊ လခြမ်းနီလှုပ်ရှားမှုနှင့် လူသားချင်းစာနာမှုအုပ်စုများက ၁၉၉၇ခုနှစ်တွင် စတင် လုပ်ကိုင်ခဲ့သည်။ ၎င်းသည် လူသားချင်းစာနာမှု ပဋိဉာဉ်၊ ကဏ္ဍ(၄)ခုအတွက် စံနှုန်းများ (ရေသန့်ရှင်းရေး တစ်ကိုယ်ရေကျန်းမာမှုမြှင့်တင်ရေး၊ ရိက္ခာဖူလုံမှု၊ အာဟာရနှင့် အစားအစာအကူအညီ၊ အခြေချနေထိုင်မှုနှင့် ရိက္ခာမဟုတ်သောပစ္စည်းများနှင့် ကျန်းမာရေးဝန်ဆောင်မှု) တို့အပြင် ကဏ္ဍအားလုံးအတွက် စံနှုန်းများပါဝင်သော လက်စွဲစာအုပ်တစ်အုပ်ထုတ်ဝေခဲ့သည်။ ပဋိဉာဉ်နှင့် စံနှုန်းများသည် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးတွင် တာဝန်ယူမှုအတွက် လုပ်ငန်းဆိုင်ရာမူဘောင်အဖြစ် ပံ့ပိုးပေးသည်ကို လက်စွဲစာအုပ်ကို အသုံးပြုသူများနှင့်ညှိနှိုင်းပြီး ပုံမှန်ပြန်လည်တည်းဖြတ်သည်။ နောက်ဆုံးတည်းဖြတ်ခြင်းကို ၂၀၀၄ ခုနှစ်က လုပ်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ထပ်မံတည်းဖြတ်ရန်စီစဉ်ထားသည်။
**www.sphereproject.org**

## အပိုင်း(ဂ)

## ရင်းမြစ်များ၊ အသေးစိတ်ထပ်မံသိရှိလိုသောအချက်များနှင့် အဖွဲ့အစည်းအမည်အတိုကောက်များ

ဤအပိုင်းတွင်ပါရှိသော ကိုးကားစာရင်းကို လမ်းညွှန်စာအုပ်၏ သက်ဆိုင်ရာ အပိုင်းများအလိုက် ပြုစုထားပါသည်။ ရင်းမြစ်များတွင် ကောက်ချက်ဆွဲယူ ရေးသားသော မှတ်တမ်းမှတ်ရာများအားလုံး ပါဝင်ပါသည်။ အသေးစိတ် ထပ်မံ သိရှိလိုသောအချက်အလက်များသည် အကြောင်းအရာတစ်ရပ်နှင့် ပတ်သက်၍ စာဖတ်သူအသုံးဝင်သော ရင်းမြစ်များကို ညွှန်ပြထားပါသည်။ အင်တာနက်လိပ်စာ များမှာ ၂၀၀၆၊ ဒီဇင်ဘာလနောက်ဆုံး ဆက်သွယ်စဥ်ကအတိုင်း ဖော်ပြထား ပါသည်။

## **Involve people at every stage** (Section 1)

### Sources:


Bhattacharjee, A., Rawal, V., Fautin, C., Moore, J.-L., Kalonge, S. and Walden, V. (2005) 'Multi-Agency Evaluation of Tsunami Response: India and Sri Lanka Evaluation', CARE International, Oxfam GB, and World Vision International, available at: http://www.ecbproject.org/publications/ECB2/Multi-Agency%20Evaluation%20-%20India%20and%20Sri%20Lanka.pdf

Gorgonio, T. and Miller, A. (2005) 'Need To Know List', Oxfam GB Philippines and Oxfam GB (internal).

The HAP Principles of Accountability, available at: http://www.hapinternational.org/en/page.php?IDpage=3&IDcat=10

IFRC (1994) 'The Code of Conduct for the International Red Cross and Red Crescent Movement and NGOs in Disaster Relief', available at: http://www.ifrc.org/publicat/conduct/index.asp?navid =09_0

Jacobs, A. (2005) 'Accountability to Beneficiaries: A Practical Checklist', Mango for Oxfam GB, available at: http://www.mango.org.uk/guide/files/draft-accountability-checklist-nov05.doc

Phoeuk, S. (2005) 'Practical Guidelines on Humanitarian Accountability', Oxfam GB Cambodia (internal).

Sphere (2004) 'Common Standard 1: Participation', in *Sphere Humanitarian Charter and Minimum Standards in Disaster Response*, Sphere Project, available at: http://www.sphereproject.org/content/view/29/84/lang,English/

Wall, I. with UN-OCHA (2005) '"Where's My House?" : Improving communication with beneficiaries: an analysis of information flow to tsunami affected populations in Aceh Province', UNDP, available at: http://www.humanitarianinfo.org/sumatra/reference/assessments/doc/other/UNDP-WhereMyHouseFinal.pdf

## Further information

Blagescu, M., de Las Casas, L., and Lloyd, R. (2005) 'Pathways to Accountability: A Short Guide to the Global Accountability Project Framework', One World Trust, available at: http://www.oneworldtrust.org/pages/download.cfm?did=315

Cabassi, J. (2004) 'Involvement of PLHA (People living with HIV/AIDS)', in *Renewing Our Voice: Code of Good Practice for NGOs Responding to HIV/AIDS*, the NGO HIV/AIDS Code of Practice Project, available at: http://www.ifrc.org/Docs/pubs/health/hivaids/NGOCode.pdf?health/hivaids/NGOCode.pdf

HAP International (forthcoming, 2007) 'Manual of Humanitarian Accountability and Quality Management'.

UNHCR (2006) 'A rights-based approach including accountability to refugees', in *Operational Protection in Camps and Settlements*, available at: http://www.unhcr.org/publ/PUBL/448d6c122.pdf

## Profile the people affected by the emergency (Section 2)

### Sources

Burns, S. and Cupitt, S. (2003) 'Managing outcomes: a guide for homelessness organisations', Charities Evaluation Services, available at: http://www.ces-vol.org.uk/downloads/managingoutcomes-16-22.pdf

Clifton, D. (2004) 'Gender Standards for Humanitarian Responses', Oxfam GB (internal).

Feuerstein, M.-T. (1986) *Partners in Evaluation: Evaluating Development and Community Programmes with Participants*, Macmillan (adapted), available from: http://www.talcuk.org/catalog/product_info.php?manufacturers_id=&products_id=225&osCsid=ed7945aaa4079bfe51af4fb2413c4cc6. To order copies in bulk please contact Victoria Rose at Macmillan Education: vrose@macmillan.com

Gosling, L. with Edwards, M. (2003) *Toolkits: a practical guide to planning, monitoring, evaluation and impact measurement,* Save the Children, available from: http://www.savethechildren.org.uk/scuk/jsp/resources/details.jsp?id=594&group=resources&section=publication&subsection=details

Groupe Urgence Réhabilitation Développement for ALNAP (2003) *Participation by Crisis-Affected Populations in Humanitarian Action: A Handbook for Practitioners*, draft, available at: http://www.alnap.org/publications/gs_handbook/gs_handbook.pdf

IFRC (2005) *World Disasters Report 2005*, available at: http://www.ifrc.org/publicat/wdr2005/index.asp

IFRC (2000) 'Disaster Emergency Needs Assessment', in *Disaster Preparedness Training Manual*, available at: http://www.ifrc.org/cgi/pdf_dp.pl?disemnas.pdf

Oxfam (no date) 'Background Information: Checklist for Rapid Assessments In Emergencies', (internal).

Schofield, R. (2003) 'Do's of interviewing beneficiaries', Medair (internal).

Sphere (2004) 'Common Standard 2: Initial Assessment', in *Sphere Humanitarian Charter and Minimum Standards in Disaster Response*, Sphere Project, available at: http://www.sphereproject.org/content/view/30/84/lang,English/

Srodecki, J. (2001) 'World Vision Use of Sphere Standards in a Large Scale Emergency: A Case Study of the Spring 2001 Gujarat Response', World Vision International (internal).

USAID Centre for Development Information and Evaluation (1996) 'Conducting Focus Group Interviews', in *Performance Monitoring and Evaluation TIPS*, number 10, available at: http://www.usaid.gov/pubs/usaid_eval/ascii/pnaby233.txt

Walden, V. M. (no date), 'Focus group discussion', Oxfam GB (internal).

World Vision (no date) 'Rapid child protection assessment form in situations of natural disasters', (internal).

## Further information

Cabassi, J. (2004) 'Involvement of PLHA (People living with HIV/AIDS)', in *Renewing Our Voice: Code of Good Practice for NGOs Responding to HIV/AIDS*, the NGO HIV/AIDS Code of Practice Project, available at: http://www.ifrc.org/Docs/pubs/health/hivaids/NGOCode.pdf?health/hivaids/NGOCode.pdf

Inter-agency Standing Committee (2006) *Women, Girls, Boys and Men: Different Needs – Equal Opportunities: A Gender Handbook for Humanitarian Action*, (draft), available at: http://www.humanitarianinfo.org/iasc/content/documents/default.asp?docID=1948&publish=0

Inter-agency Standing Committee (2005) *Guidelines for Gender-Based Violence Interventions in Humanitarian Settings (Arabic, English, French, Bahasa Indonesia or Spanish)*, available at: http://www.humanitarianinfo.org/iasc/content/subsidi/tf_gender/gbv.asp

Jones, H. and Reed, B. (2005) *Water and Sanitation for Disabled People and Other Vulnerable Groups: Designing services to improve accessibility*, WEDC, available at: http://wedc.lboro.ac.uk/publications/details.php?book=1%2084380%20079%209

'Keeping Children Safe: Standards for Child Protection', available at: http://www.keepingchildrensafe.org.uk

Mobility International USA (2004) 'Checklist for inclusion', available at: http://www.miusa.org/publications/freeresources/Checklist_for_Inclusion.pdf

Office of the United Nations High Commissioner for Refugees (2006) 'UNHCR Tool for Participatory Assessment in Operation', available at: http://www.unhcr.org/publ/PUBL/450e963f2.html

Slim, H. and Bonwick, A. (2006) *Protection: an ALNAP Guide for Humanitarian Agencies*, Oxfam, available at: http://www.odi.org.uk/alnap/publications/protection/alnap_protection_guide.pdf

USAID (2005) *Field Operations Guide for Disaster Assessment and Response: Version 4.0*, available at: http://www.usaid.gov/our_work/humanitarian_assistance/disaster_assistance/resources/pdf/fog_v3.pdf

Wells, J. (2005) 'Checklist for older persons in internally displaced persons camps' in 'Protecting and assisting older people in emergencies', HPN Network Paper 53, Overseas Development Institute, available at: http://www.odihpn.org/report.asp?ID=2758

## Identify the changes people want to see (Section 3)

### Sources

Bishop, L. (2002) 'First steps in Monitoring and Evaluation', Charities Evaluation Services, available at: http://www.ces-vol.org.uk/downloads/firstmande-15-21.pdf

Centre for Participation, NEF (2001) 'Prove it!', New Economics Foundation, available at: http://www.neweconomics.org/gen/z_sys_publicationdetail.aspx?pid=52

Clark, Margarita, Save the Children, interview.

Clarke, Nigel, interview.

Gosling, L. with Edwards, M. (2003) *Toolkits: a practical guide to planning, monitoring, evaluation and impact measurement*, Save the Children, available from: http://www.savethechildren.org.uk/scuk/jsp/resources/details.jsp?id=594&group=resources&section=publication&subsection=details

Oxfam GB (no date) 'Rebuilding Lives in Sri Lanka for Tsunami Affected People: Oxfam's Integrated Transitional Shelter Programme'.

Sphere (2004) 'Scope and limitations of the Sphere handbook', in *Sphere Humanitarian Charter and Minimum Standards in Disaster Response*, Sphere Project, available at: http://www.sphereproject.org/content/view/23/84/lang,English/

Walden, V. M. (2005) 'Community Indicators', Oxfam (internal).

## Further information

Jobes, K. (1997) 'Participatory Monitoring and Evaluation Guidelines, Experiences in the field, St Vincent and the Grenadines', DFID, available at: http://portals.wi.wur.nl/files/docs/ppme/PPME.pdf

Sigsgaard, P. (2002) 'Monitoring without indicators', *Evaluation Journal of Australasia* 2 (1), available at: http://www.aes.asn.au/publications/Vol2No1/monitoring_without_indicators_msc.pdf

Sphere (2004) 'Common Standard 3: Response', in *Sphere Humanitarian Charter and Minimum Standards in Disaster Response*, Sphere Project, available at: http://www.sphereproject.org/content/view/31/84/lang,English/

Sphere (2004) 'Common Standard 4: Targeting', in *Sphere Humanitarian Charter and Minimum Standards in Disaster Response*, Sphere Project, available at: http://www.sphereproject.org/content/view/32/84/lang,English/

## Track changes and make feedback a two-way process (Section 4)

### Sources

Burns, S. and Cupitt, S. (2003) 'Managing outcomes: a guide for homelessness organisations', Charities Evaluation Services, available at: http://www.ces-vol.org.uk/downloads/managingoutcomes-16-22.pdf

Danish Refugee Council and HAP International (2006) 'Complaints-handling for the Humanitarian Sector: Seminar Report', available at: http://www.hapinternational.org/en/complement.php?IDcomplement=57&IDcat=4&IDpage=76

Feuerstein, M.-T. (1986) *Partners in Evaluation: Evaluating Development and Community Programmes with Participants*, Macmillan (adapted), available from: http://www.talcuk.org/catalog/product_info.php?manufacturers_id=&products_id=225&osCsid=ed7945aaa4079bfe51af4fb2413c4cc6. To order copies in bulk please contact Victoria Rose at Macmillan Education: vrose@macmillan.com

Meissner R., Zachariah, A., and Schofield, R. (2005) 'Beneficiary feedback tools in West Darfur', *HAP International Newsletter 5*, August, available at: http://www.hapinternational.org/pdf_word/887-Newsletter%20Issue%20no%205.doc

Schofield, R. and Primrose, J., Medair, written communication.

Walden, V. M. (2005) 'Monitoring and Evaluation', Oxfam (internal).

Watt, John, interview.

Wilson, Pauline, written communication.

## Further information

CDA Collaborative Learning Projects (2005) 'Report of The Listening Project, Aceh, Indonesia', November, available at: http://www.cdainc.com

International Council of Voluntary Agencies (2006) 'Building Safer Organisations project: resources on protection from sexual exploitation and abuse', available at: http://www.icva.ch/doc00000706.html

Mango (2005) 'Who Counts? Financial Reporting to Beneficiaries: Why is it Important?', available at: http://www.mango.org.uk/guide/files/who-counts-why-it-is-important-apr05.doc

People In Aid (2003) 'People In Aid Code of Good Practice in the Management and Support of Aid Personnel', available at: http://www.peopleinaid.org/code/online.aspx

Sphere (2004) 'Common Standard 5: Monitoring', in *Sphere Humanitarian Charter and Minimum Standards in Disaster Response*, Sphere Project, available at: http://www.sphereproject.org/content/view/33/84/lang,English/

Sphere (2004) 'Common Standard 6: Evaluation', in *Sphere Humanitarian Charter and Minimum Standards in Disaster Response*, Sphere Project, available at: http://www.sphereproject.org/content/view/34/84/lang,English/

## Use feedback to improve project impact (Section 5)

### Sources

Gorgonio, T. (2006) 'Notes on Accountable Exit from Communities when Programmes Close', Oxfam GB Philippines (internal).

Miller, Auriol, interview

Owubah, C., Greenblott, K. , and Zwier, J. (2005) 'Top 10 C-SAFE Initiatives in Monitoring & Evaluation', CARE, CRS, World Vision, ADRA, USAID, available at: http://pdf.dec.org/pdf_docs/PNADE672.pdf

### Further information

'Key Messages from ALNAP's Review of Humanitarian Action in 2003: Enhancing Learning at Field Level and Evaluating Humanitarian Action', available at: http://www.alnap.org/publications/RHA2003/pdfs/RHA03_KMS.pdf

Prasad, R. R. (2006) 'Sri Lanka, Giving voice to people's grievance', ReliefWeb, 21 June, available at: http://www.reliefweb.int/rw/rwb.nsf/db900SID/ACIO-6QYDWJ?OpenDocument

Roche, C., Kasynathan, N. , and Gowthaman, P. (2005) 'Bottom-up Accountability and the Tsunami', paper prepared for the International Conference on Engaging Communities, Oxfam Australia, Brisbane, 14–17 August, available at: http://www.engaging-communities2005.org/abstracts/Roche-Chris-final.pdf

## Abbreviations

| | |
|---|---|
| ALNAP | The Active Learning Network for Accountability and Performance in Humanitarian Action |
| C-SAFE | Consortium for Southern Africa Food Security Emergency |
| ECB | The Emergency Capacity Building Project |
| HAP | Humanitarian Accountability Partnership International |
| NGO | Non-governmental organisation |

## For your notes